


# တရားထိုင်သူများအတွက် အားထုတ်စဉ်

## ( နန္ဒိယနှင့်ရေဝတီ )

( ၆ ၊ ၃ ၊ ၅၆ )

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော် ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်
အမှတ်စဉ်(၄၄)မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

(၁၀၅)

# ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ်ဆရာတော်ဘုရားကြီး
# အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# တရားထိုင်သူများအတွက်
# အားထုတ်စဉ်

( နန္ဒိယ နှင့် ရေဝတီ )

(၆-၃-၅၆)

ကြိုပြောမယ် ဒကာမကြီးတွေ နားထောင်ကြ၊ အားလုံးနားထောင်ကြ၊သမာဓိဆိုတာဘာတုန်းလို့ မေးလို့ရှိရင်ဖြင့် တည်ကြည်မှုကိုဆိုသည်။ အာရုံတစ်ခုကို တည့်တည့်မတ်မတ် ရှုနိုင်တာ သမာဓိလို့မှတ်ကြပါ။

## သမာဓိဆိုတာ

မိမိတို့အလိုရှိတဲ့ဆီကို တည့်တည့်မတ်မတ် ရှုနိုင်လို့ရှိရင် အဲတာ ဘာခေါ်ကြမယ် . . . (သမာဓိပါဘုရား)၊

အေး. . မိမိအလိုရှိတဲ့ဆီကို တည့်တည့်မတ်မတ် ရှုနိုင်တာ သမာဓိ။

အဲဒါကြောင့် ပဋ္ဌာန်းပစ္စည်းကျလို့ရှိရင် ဈာနပစ္စယော လို့ဟောလိုက်တယ်၊ ဈာနပစ္စယောစိုက်၍ ရှုလိုက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားသည်လည်းကောင်း၊ ပဋ္ဌာန်း နည်းနဲ့ဆိုရင် ဒါဟာ သမာဓိကိုဟောနေတာပဲ။

အဲတော့ကို အာရုံတစ်ခုကို စိုက်စိုက်စူးစူးရှုတာသည် အဆိုးအကောင်းမရွေးပဲနဲ့ စိုက်စိုက်စူးစူးရှုတာသည် သမာဓိ လို့မှတ်ကြပါ။ အဆိုးအကောင်းတော့ သူမရွေးဘူး၊ ရှုတဲ့အခါ မှာ အာရုံတစ်ခုကို စိုက်စိုက်စူးစူးရှုလို့ရှိရင် ဘာခေါ်ကြမလဲ . . . (သမာဓိပါဘုရား)။

## မိစ္ဆာသမာဓိ

အဲဒါကြောင့် အဆိုးအကောင်းတော့ ဒီသမာဓိက မရွေးတတ်ပါဘူး၊ မိစ္ဆာသမာဓိကလည်းရှိတယ်၊ သမ္မာသမာဓိ ကလည်းရှိတယ်၊ အခုအရှုခံနေရာမှာ ဟောတာကတော့ဖြင့် အကောင်းဘက်ကရှုတဲ့ သမာဓိလို့မှတ်ပါ။

ခင်ဗျားတို့ ဓာတ်ရှင်ကြည့်ကြည့်၊ ဘုရားပွဲကြည့်ကြည့် သားရှိရာကိုကြည့်ကြည့်၊ ကတဲ့ ဆိုတဲ့ပုဂ္ဂိုလ်တို့၏ ရှိရာကို ကြည့် အဲဒါလည်း ခင်ဗျားတို့ သမာဓိပဲ။ ဒါက မိစ္ဆာ သမာဓိ လို့ ခေါ်ကြတယ်။

## သမ္မာသမာဓိ

ဒီတရားထဲ ဘုန်းကြီးတို့ပြောနေကျဖြစ်တဲ့ ဝေဒနာပေါ်၌လည်းကောင်း၊ ရုပ်ပေါ်၌လည်းကောင်း စွဲအောင်ရှုနိုင်တဲ့ သမာဓိကတော့ သမ္မာသမာဓိ။

ပွဲကြည့်တယ်၊ ဓာတ်ရှင်ကြည့်တယ်၊ ကားနဲ့တည့်အောင်ရှုနိုင်တဲ့ ဒကာဒကာမတွေ၊ သဘင်သည်တွေနဲ့တည့်အောင်ကြည့်နိုင်တဲ့ ဒကာဒကာမတွေ အဲဒါကျတော့ မိစ္ဆာသမာဓိ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## သမာဓိနှစ်မျိုး

ပွဲလမ်းသဘင်ကြည့်တာကတော့ ဘာပါလိမ့်. . (မိစ္ဆာသမာဓိပါဘုရား)၊ မိစ္ဆာသမာဓိ၊ ဉာဏ်အမြင်နဲ့ ဖြစ်ပျက်တွေရှုနေတာကတော့. . . (သမ္မာသမာဓိ)၊ အေး သမ္မာသမာဓိ၊ မိစ္ဆာသမာဓိ ဒကာသိုက်ရေ ဘယ်နှစ်မျိုးပါလိမ့်. . . (နှစ်မျိုးပါ)၊ အေး နှစ်မျိုးလို့ မှတ်လိုက်စမ်းပါ၊ နှစ်မျိုးလို့ မှတ်ကြစမ်းပါ။

ဒါကြောင့် မိစ္ဆာသမာဓိကလည်း သူ့ဟာနဲ့သူတော့ တည့် တာပဲ၊ သမ္မာသမာဓိကလည်း သူ့ဟာလေးနဲ့သူတော့ တည့်တာပဲ၊ အဲတော့ ဒီနေရာမှာ အရေးကြီးတာက ဒကာဒကာမတွေ သမ္မာသမာဓိကို အဓိကထားပြောနေတယ်။

သမ္မာသမာဓိကို အဓိကထားပြောနေတယ်၊ မယုံလို့ ရှိရင် ခင်ဗျားတို့ သမာဓိဆိုတာသည် အလွန်မှအရေးကြီး တယ်၊ သမာဓိဟာ အလွန်မှအရေးကြီးပါတယ်။

## သမာဓိအလွန်အရေးကြီးသည်

ဘာဖြစ်လို့ သမာဓိသည် အလွန်မှအရေးကြီးပါသလဲ လို့မေးတဲ့အခါကျလို့ရှိရင် မနေ့ကပြောတယ်၊ သမာဓိမပါဘဲနဲ့ သွားခဲ့သော် အလုပ်တစ်ခု လုပ်ခဲ့သော်၊ မယုံရင် သမာဓိမပါ ဘဲနဲ့ ဓါးထက်ထက်နဲ့ ဒကာသိုက် ကြက်သွန်လှီးကြည့်၊ သမာဓိ မပါဘဲနဲ့ ဒီနေရာလှီးပေမယ်လို့ ဒီနေရာမှ မတည့်လို့ရှိ ရင်ဖြင့်သမာဓိမငြိမ်လို့ရှိရင်ဖြင့် ချက်ချင်းလက်ကို ဓါးထိ တယ်။ (မှန်ပါ့ဘုရား)

ဒါဘယ်သူကင်းသွားတာတုံးဆိုတာ ရိပ်မိပလား. . . (ရိပ်မိပါတယ်ဘုရား)၊ ဘယ်သူပါလိမ့်. . . (သမာဓိပါဘုရား) သမာဓိ ကင်းသွားတာ။

ဒကာစိန်၊ ဘာကင်းတာလဲ. . . (သမာဓိကင်းတာပါ) ဒကာစိန်တို့ တူရိုက်ကြည့်တဲ့ တည့်တည့်မတ်မတ်မသွားရင် (သမာဓိကင်းတာပါဘုရား)၊ သမာဓိကင်းတာ။

## သမာဓိမတည်ရင် မဂ်ဉာဏ်မလာနိုင်

ဩော်. . ဒါဖြင့် သမာဓိဟာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာရှုတဲ့နေရာမှာ သမာဓိမတည့်သရွေ့ ကာလပတ်လုံး ခင်ဗျားတို့ မဂ်ဉာဏ်မလာနိုင်ဘူးဆိုတာ. . (မရနိုင်ပါဘုရား)။

တူရိုက်တာတောင်မှ လိုချင်တဲ့နေရာ မရိုက်မိလို့ရှိရင် ပစ္စည်းပျက်မှာပဲ (ပျက်မှာပါဘုရား)၊ ဟုတ်ဘူးလား. . (ဟုတ်ပါတယ်)၊ လိုချင်တဲ့နေရာ ရိုက်မိတော့လဲ အဲဒါ အချိုးကျ (မှန်ပါ) လိုချင်တဲ့နေရာ မရိုက်မိလို့ ချော်ချက်ပြီး ရိုက်မိခဲ့သော် (ပျက်မှာပါဘုရား)။

ဒီမှာလည်း ထိုနည်းတူပဲ၊ သမာဓိဆိုသော တရားက ခေါင်းဆောင်တယ်၊ သူက အရေးမကြီးဘူးလား. . (ကြီးပါတယ်)၊ သမာဓိအရေးကြီးတယ်တဲ့၊ သမာဓိဟာ အရေးကြီးတယ် ဒါကြောင့် မနေ့ကသံယုတ်ပါဠိတော်မှာ သမာဓိတော ယထာဘူတံ ပဇာနာတိ။

## သမာဓိတည်ကြည်မှ အမှန်ကိုသိမြင်၏

သမာဓိတော-တည်ကြည်သောပုဂ္ဂိုလ်အား ယထာဘူတံ -ဟုတ်မှန်တဲ့အတိုင်း (ဝါ) ဉာဏ်သည်၊ ပဇာနာတိ- အမှန်ကို သိ၏။

သမာဓိတည်ကြည်ပြီဆိုမှဖြင့် ဒကာသိုက်ရေ အမှန်ကိုကြည့်လိုက်ရင်မြင်တယ်၊ သမာဓိ မတည်ကြည်ရင် (မမြင်ပါဘူးဘုရား)၊ မမြင်နိုင်တော့ ဪ. . . သမာဓိသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သူလည်းသူ့နေရာနဲ့သူ ခေါင်းဆောင်မှုရှိတယ်လို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက မှတ်လိုက်စမ်းပါ (မှန်ပါ့)၊ သူ့နေရာနဲ့သူခေါင်းဆောင်မှုရှိတယ်လို့ မှတ်ကြစမ်းပါ။

သမာဓိမပါလို့ရှိရင် ဘယ်အလုပ်မှ ဖြောင့်ဖြောင့်ဖြူးဖြူး သွားလိမ့်မယ်ဆိုတာကို အယုံအကြည်မရှိပါနဲ့၊ သမာဓိပါပြီဆိုမှဖြင့် အလုပ်တစ်ခု ဖြောင့်ဖြောင့်ဖြူးဖြူး သွားတော့မှာပဲ၊ ဒါကြောင့် ဒကာစိန် ဘာအရေးကြီးလဲ. . . (သမာဓိပါဘုရား)၊ အဲ သမာဓိအရေးကြီးတယ်။

ဒါကြောင့် သမာဓိန္ဒြေဆိုတဲ့ဥစ္စာ၊ သမာဓိကြောင့်လည်း ကြီးစိုးပြီးသကာလ နေသေးတာ. . . (မှန်ပါ့)၊ သူကလည်း ဉာဏ်ပေါ်ရင် ဉာဏ်နှင့်တကွ ခမ္မတွေယှဉ်ဖော်ယှဉ်ဖက်တွေအပေါ်မှာ ကြီးစိုးပြီးနေမှ သမာဓိန္ဒြေဆိုတဲ့ဥစ္စာ၊ သမာဓိကြောင့် ဣန္ဒြေအဆင့်အထိကို ကြီးစိုးလာမှ ပညာကလည်း ဟုတ်တိုင်းမှန်စွာ သိလို့ရတယ်။

## သမာဓိနဲ့ ပညာ ခွဲလို့မရ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ လိုရာကိစ္စဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကြီးကို နိဗ္ဗာန်ကြီးကို ကိုယ်ပိုင်ကိုယ်တိုင်အဖြစ်နဲ့ အာရုံပြုသောအားဖြင့် ရောက်ချင် ရချင်ခဲ့လို့ရှိရင် သမာဓိဟာလည်း ခင်ဗျားတို့ဖြစ်ပျက်ရှုတဲ့နေရာမှာတော့ မရ,ရအောင် သမာဓိက ပို့ပြီး ပညာနဲ့လည်းရှုပေးပါဆိုတဲ့ဥစ္စာ၊ ဒီနှစ်ခုကိုဖြင့် မတွဲပဲနဲ့ ပြီးကိုမပြီးဘူး၊ ဒကာသိုက်ရေ. . (မပြီးပါဘူး)၊ မပြီးဘူးနော် ဒကာဒကာမတို့ (မပြီးပါဘူးရား)။

အဲဒါကြောင့် သမာဓိ နဲ့ ပညာကိုဖြင့် ခွဲလို့ဖြင့် မရချေဘူး၊ တွဲပြီး အလုပ်လုပ်မှသာလျှင် ဒကာစိန်ရမယ်. . . (မှန်ပါ့ဘုရား)၊ ဆုံးဖြတ်ချက်ချကြပါ၊ ရိပ်မိကြပလား. . (ရိပ်မိပါပြီ)။

## သူ့နေရာနှင့်သူ အရေးကြီးတယ်

အေး-ဒါကြောင့် သမာဓိသည်ကားလို့ဆိုလို့ရှိရင် သူ့နေရာနဲ့ သူ အရေးကြီး၏

**နတ္ထိဈာန မ ပညဿ ပညာနတ္ထိ အဈာယိနော**
**ယမှိဈာနဥ္စ ပညာစ သဝေနိဗ္ဗာန သန္တိကေ**

ဓမ္မပဒပါဠိတော်မှာ ပါတယ်။

နတ္ထိဈာန၊ မပညဿ၊ အပညဿ = ပညာမရှိသော

ပုဂ္ဂိုလ်အား၊ ဈာနံ = သမာဓိသည်၊ နတ္ထိ = မရှိ၊ ပညာမရှိပြန်လို့ရှိရင်လည်း၊ သမာဓိဟာ သူ့ချည်းသက်သက် အသုံးမကျပါဘူး (မှန်ပ့ါ)။

ပညာမပါလို့ သူ့ချည်းသက်သက် ဆိုရင်လည်း ဒီလောက် အသုံးမကျဘူး၊ ပညာနတ္ထိအဈာယိနော၊ အဈာယိနော = သမာဓိ မရှိတဲ့ပုဂ္ဂိုလ်အား၊ ပညာ = ပညာသည်ကား ဆိုလို့ရှိရင်ဖြင့်၊ နတ္ထိ = မရှိနိုင်ပြန်ဘူး။

သမာဓိမပါပြန်လို့ရှိရင်လည်း ပညာကဟုတ်တိုင်း မှန်စွာ မသိနိုင်ပြန်ဘူး (မှန်ပ့ါဘုရား)၊ အရေးကြီးတာချည်း ပဲနော်. . (မှန်ပ့ါ) အရေးကြီးတာချည်းပဲ။

ယမှိဈာနဉ္စပညာစ၊ ယမှိ = အကြင်ပုဂ္ဂိုလ်၌၊ ဈာနဉ္စ = သမာဓိသည်လည်းကောင်း၊ ပညာစ = ပညာသည်လည်း ကောင်း၊ အတ္ထိ = ရှိ၏။ သမာဓိ၊ ပညာဟာဖြင့် တွဲထားရမယ် တဲ့၊ ဟုတ်ပလား. . . (ဟုတ်ပါပြီ)။

သဝေနိဗ္ဗာနသန္တိကေ၊ သော = ထိုပုဂ္ဂိုလ်၊ ဝေ = စင်စစ်၊ နိဗ္ဗာနသန္တိကေ = နိဗ္ဗာန်အနီးသို့ရောက်သည်၊ (ဝါ) နိဗ္ဗာန်တိုင် ဆိုက်ရောက်သည်၊ ဟောတိ = ဖြစ်၏။

သမာဓိနဲ့ပညာသာ တွဲနိုင်ရင် ခင်ဗျားတို့ နိဗ္ဗာန် ရောက်တယ်. . (မှန်ပ့ါ)၊ ဒါ ဓမ္မပဒပါဠိတော်မှာ သူကိုယ် တော်တိုင်ဟောတာ၊ ကိုယ်တော်တိုင်ဟောတာ ဒကာဒကာမ

တို့၊ ကဲ ဒကာသိုက် ဘယ်လောက်အရေးကြီးသလဲ (အရေးကြီးပါတယ်ဘုရား)

**နတ္ထိဈာန မပညဿ၊ ပညာနတ္ထိ အဈာယိနော၊**
**ယမှိဈာနဉ္စ ပညာစ၊ သဝေ နိဗ္ဗာန သန္တိကေ။**

ဆိုတော့ ဩော်. . . မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် "အသစ္စဝစနံ ဗုဒ္ဓ" ဆိုတဲ့အတိုင်း နှစ်ခွန်းသောစကား မပြောဘူး၊ ပညာနဲ့ သမာဓိတွဲသာလွှတ် မင်းတို့ နိဗ္ဗာန်ရောက်မယ်ဆိုတာဖြင့် အမှန်ပြောခဲ့ပါတယ်ဆိုတာ ဒကာဒကာမတို့ ဆုံးဖြတ်ချက် ချပါ။

## သမာဓိ နှင့် ပညာတွဲလွှတ်မှ နိဗ္ဗာန်ရောက်မယ်

ဒေါ် အုန်းခင် နှစ်ခုတွဲရမယ်နော်၊ နှစ်ခုတွဲရမယ်၊ နှစ်ခုတွဲရမယ်၊ နှစ်ခုတွဲရမယ်တဲ့၊ သမာဓိနဲ့ ပညာနဲ့ဖြင့် နှစ်ခုတွဲပြီးသကာလ၊ ဒကာဒကာမတို့ တကယ်တမ်းကြိုးစားလိုက်မယ်ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်မရောက်လို့ရှိရင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ နိဗ္ဗာန်ကို မုချရောက်ရမယ်လို့ ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် တာဝန်ခံပါသည်. . . (မှန်လှပါဘုရား)။

ဒါကြောင့် ဒကာဒကာမတို့ ဒါလောက်တာဝန်ခံကောင်းတဲ့ ကိုယ်တော်ကြီး၊ ဘယ်ပုဂ္ဂိုလ်ဘယ်အချိန် နိဗ္ဗာန်ရရမယ်၊ ဘယ်ပုဂ္ဂိုလ်ဘယ်အချိန် သေလိမ့်မယ်၊ ဘယ်ပုဂ္ဂိုလ်ဘယ်အချိန် မြေမျိုလိမ့်မယ် ဆိုတဲ့ဥစ္စာများ ဘုရားလက်ထက်

က သက်သေသာဓကတွေ ထောက်ပြီးကြည့်လိုက်လို့ရှိရင် ဖြင့် တစ်လုံးမှမလွဲဘူး။

## ဘုရားကတာဝန်ခံတယ်

မှန်တာနဲ့ အဓိပ္ပါယ်ရှိတာချည်းပဲ၊ မှန်တာနဲ့ အဓိပ္ပါယ်ရှိတာချည်းကိုသာလျှင် ပြောလေ့ဆိုလေ့ရှိသောကြောင့်။ သမာဓိမပါရင်လည်း၊ ပညာက ဟုတ်တိုင်းမှန်စွာ မသိဘူးတဲ့ (မှန်ပါ့) သမာဓိချည်းသက်သက်လည်း မဖြစ်နိုင်ဘူးတဲ့၊ သမာဓိ ပညာတွဲလွတ်လို့ရှိရင် နိဗ္ဗာန်ရောက်နိုင်ပါတယ်လို့ သေသေချာချာတာဝန်ခံပါတယ် . . . (မှန်လှပါဘုရား)။

ဒါကြောင့် သမာဓိပညာတွဲပြီးသကာလ ခင်ဗျားတို့ စဉ်းစားကြည့်၊ သမာဓိမပါလို့ရှိရင် ဟောဒီလက်ညှိုးကလေးပဲ၊ သမာဓိမပါပဲနဲ့ ထိုးကြည့်၊ ထိုးချင်တာက အရှေ့ဆိုရင် ရောက်တာက အနောက်ဖြစ်ချင်ဖြစ်မယ်။

ဘာကြောင့်လည်း. . (သမာဓိမပါလို့)၊ သမာဓိ မပါဘူးတဲ့၊ တစ်ခါတလေကျတော့ သမာဓိမပါပဲနဲ့ သွားကြည့်၊ သွားချင်တာကဘယ်လဲ၊ အခန်းထဲသွားချင်တယ်၊ ရောက်တာ က ဘုရားခန်းဆီရောက်ချင် ရောက်နေတယ်၊ အဲဒါ ဘာလို နေတာလဲ. . . (သမာဓိလိုနေပါတယ်)။

ဩော်. . . သမာဓိလိုပြီဆိုမှဖြင့် သွားချင်တာက တစ်မျိုး၊ ရောက်တာက (တစ်မျိုးပါ)။ အဲတော့ သမာဓိမပါ

လို့ရှိရင်ဖြင့် ရောက်ချင်တဲ့နေရာဌာနရောက်ဖို့ အရေးကိုလည်း အတော်ကွာဝေးနေတယ်ဆိုတာ ဒကာဒကာမတို့ မှတ်ကြပါ။

## သမာဓိအားကောင်းရင် လောဘ၊ ဒေါသ အာရုံတွေ မလာတော့ဘူး

ဩော်. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ - သမာဓိသည် ဝိပဿနာအပေါ်မှာရှုတော့မယ်ဆိုလို့ရှိရင်ဖြင့် ဒီရုပ်တွေဟာ မသေးဘူးဟော့ မောင်စောမောင်ရေ ငါးပါးအာရုံကာမဂုဏ်ကို ခင်မင်နေတဲ့ လောဘတွေကို သေနိုင်တယ်၊ ဝိဝိစ္စေဝကာမေဟိ။ ကာမေဟိ = ကာမဂုဏ်တို့၌ ဝိဝိစ္စေဝ = ဆုတ်ယုတ်လာ၏၊ သမာဓိအားကောင်းလာပြီဆိုမှဖြင့် လောဘအာရုံ၊ ဒေါသအာရုံတွေ မထင်မလာတော့ဘူး (မှန်လှပါဘုရား)၊ မလာတော့ဘူးတဲ့ ဒေါ်ရွှေ (မလာပါဘုရား)။

## သမာဓိအားကောင်းရင် အကုသိုလ်တရား မလာဘူး

မလာတော့ဘူးတဲ့- သမာဓိအားကောင်းလာလို့ရှိရင်

သမာဓိအားကောင်းလာလို့ရှိရင် ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ = အကုသိုလ်တရားတွေလဲ မလာတော့ဘူး၊ ဒါ ဘာ အားကောင်းလာလို့လဲ. . . (သမာဓိအားကောင်းလာလို့)၊ သမာဓိအား ကောင်းတယ်တဲ့။

သမာဓိအားကောင်းပြီးနေပြီဆိုမှဖြင့် ငါးပါးအာရုံ ဘာမဂုဏ်မလာ၊ အကုသိုလ်ဓမ္မတွေ အနားမသီနိုင် ဆိုတော့ ခြေဘ်. . . သမာဓိတန်ခိုးသည်ကားလို့ဆိုလို့ရှိရင်ဖြင့် ဉာဏ် တွေအားကိုးတဲ့ တရားထူးတရားမြတ်ပဲလို့ မဆိုထိုက်ဘူးလား ဆိုထိုက်ပါတယ်)။

အဲဒါကြောင့် သမာဓိနဲ့ပညာကိုဖြင့် ခုနက ပါဠိတော် အတိုင်း ဒကာဒကာမတွေ ဘယ်အခါ ကာလမှ ခွဲခွာပြီး သကာလ မလုပ်ကြပါနဲ့လို့ပြောလိုက်တယ်။

## သမာဓိညံ့နေပြီဆိုရင်

ဒါကြောင့် ကိုယ့်အိမ်ထဲမှာကိုယ် နေတဲ့အခါတောင် သမာဓိညံ့နေပြီဆိုမှဖြင့် သွားနေကျနေရာ ချော်လဲတယ်၊ သွားနေကျနေရာမှာ တိုက်မိတယ်၊ ဒါ ဘာကြောင့်တုံး ဒါအုန်းခင်တို့ (သမာဓိကြောင့်ပါဘုရား)။

သွားနေကျနေရာ၊ လာနေကျနေရာ ချော်လဲရတယ်၊ မှန်ပါ့)၊ သွားနေကျနေရာ ဒီနေရာရှောင်ကွေ့သွားရမည့်

နေရာ တိုက်မိတယ်၊ ဘာကြောင့်ပါလိမ့် . . (သမာဓိကြောင့်ပါ)၊ ဒါကြောင့် ခင်ဗျားတို့ ကိုယ့်အိမ်ကိုယ့်ယာမှာတောင် တစ်ခါတလေကျလို့ရှိရင်ဖြင့် တိုက်မိသေးတယ်ဆိုတော့ ခင်ဗျားတို့က အဖြေက ခတ်ကောင်းကောင်း. . . (မှန်ပါ့)။

လျှာနှင့်သွားတောင်ကိုက်မိသေးတာပဲ၊ ဘယ်လိုများ လာထားပါလိမ့်၊ (လျှာနဲ့သွားတောင်ကိုက်မိသေးတာပဲလို့) ဒေါ်အုန်းခင်ကြီးက စကားတတ်တွေကိုးဗျ၊ သမာဓိကင်းတာ တော့ ထည့်မပြောဘူး တစ်ခါတလေဖြစ်မှာပေါ့။

အမလေး ဒကာဒကာမတွေက သမာဓိကင်းတာကို အဖြေထွက်ပေးတယ်၊ ဒကာသိုက်တို့က တယ်လည်း စကား တတ်ပါလား၊ ဟင် လျှာနဲ့သွားတောင် ကိုက်မိသေးတာပဲကွာ ဘယ်တတ်နိုင်ပ့ါမလဲ၊ တစ်ခါတလေ လျှာလွဲတဲ့ဥစ္စာပဲဆိုတော့ မင်း သမာဓိလိုတယ်လို့ ဒေါ်ရွှေပြောဘူးရဲ့လား (မပြောဘူးပါဘုရား) ညာတယ်ဗျ။

သမာဓိလိုနေတာကိုပင်လျှင် မပြောမိဘူး၊ သို့သော် သူများလည်း မဟုတ်ပါဘူး၊ ကိုယ်ကိုယ်တိုင်က ဒီအလုပ်ကို မလုပ်ဖူးလို့ (မှန်ပါ့)။

ဒီအဓိပ္ပါယ်မျိုးတွေလည်း ကိုယ်ကမသိဘူးဆိုတော့ သမာဓိလိုလို့သာလျှင် ကိုယ်ကလွဲရတယ်၊ ကိုယ်က မတိုက် သင့်တဲ့ပစ္စည်းနဲ့တိုက်မိရတယ်၊ ဒါတွေကျတော့. . (သမာဓိ လိုလို့ပါဘုရား)၊ သမာဓိလိုတယ်တဲ့။

အဲတော့ ဒကာဒကာမတို့ သမာဓိပညာကို ဘယ်လို လုပ်ကြမလဲ. . . (သမာဓိပညာကို တွဲလွတ်ရပါမယ်) တွဲပြီး တော့ ခင်ဗျားတို့လိုချင်တဲ့အာရုံပေါ်မှာ ထားပါ၊ ဟင်. . ခင်ဗျားတို့လိုချင်တဲ့အာရုံပေါ်မှာထားပါ။

ထိုကဲ့သို့ နှစ်ခုထားလို့ နှစ်ခု ညီမျှခြင်းရှိပြီး သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ သူကလည်း သဒ္ဓိန္ဒြေဆိုတော့ သူ ကလည်း ကြီးစိုးတယ်၊ ပညာကလည်း သူ့ဟာသူကြီးစိုးပြီး နှစ်ခုစလုံးတွဲပြီး သူတို့နှစ်ခုသည်ကားလို့ဆိုရင် ပြောင်ကြီး စိုးနိုင်ကြပြီ။ မင်းနဲ့ ငါနဲ့ဖြင့် အတူတူ တန်းတူပြီဆိုတဲ့ တစ်နေ့ ကျလာလို့ရှိရင်ဖြင့် ခင်ဗျားတို့ အနိစ္စအချက်ကလေးတွေဟာ ဘယ်မှမပြေးနိုင် တော့ဘူး (မပြေးနိုင်ပါဘူး)၊ တစ်ခါတည်း တိုက်ရိုက်ဖမ်းမိ တော့တာပဲ ဒေါ်အုန်းခင် (တိုက်ရိုက် မိပါတယ်)။

သမာဓိကတော့ သမာဓိန္ဒြေထိုက်ရမယ်၊ ပညာ ကလည်း ပညိန္ဒြေထိုက်မယ်ဆိုလို့ရှိရင် ဒကာဒကာမတို့ ခင်ဗျားတို့ အနိစ္စ ကိုဘယ်ပြေးမလဲ (မပြေးနိုင်ပါဘုရား)၊ သမာဓိပညာတို့၏ မျက်မှောက်ရောက်မလာဘူးလား . . . (ရောက်လာပါတယ်ဘုရား)။

အဲ. . မျက်မှောက်အောက်ရောက်လာတယ်၊ အဲဒီကဲ့ သို့ သမာဓိပညာတို့၏ မျက်မှောက်အောက်ကို ရောက်လာ လို့ရှိရင်ဖြင့် ဩော်. . တစ်ခါတည်းသာမှတ်ပေတော့၊ ခုနက

ခင်ဗျားတို့ဖြစ်ပျက်ကလေးဟာ တစ်ခါတည်း၊ အရင်တုံးက တော့ အပျက်ကလေးသာဖြစ်နေတယ်။

## သမာဓိနှင့်ပညာဣန္ဒြေထိုက်လာတဲ့အခါ

သူတို့နှစ်ခုကြီးစိုးလာလို့ရှိရင် သမာဓိကော ပညာ ကော ဣန္ဒြေထိုက်လာပြီ၊ ဗိုလ်ထိုက်လာပြီဆိုမှုဖြင့် ဒကာ ဒကာမတို့ ဒုက္ခသစ္စာလေးကို မဖြစ်ချင်ပါဘူးဆိုလို့၊ အပျက် ကလေးက မနေရတော့ဘူး (မှန်ပ့ါ)။

ဒုက္ခသစ္စာလေးဟာဖြစ်နေတယ်၊ ဒါဖြင့် သမာဓိက လည်း ဣန္ဒြေအဖြစ်နဲ့ကြီးစိုးပေးဖို့၊ ပညာကလည်း ဣန္ဒြေ အဖြစ်နဲ့ ကြီးစိုးခဲ့သည်ရှိသော် ဘုန်းကြီးတို့ ဒကာဒကာမတို့ရဲ့ လိုရာ မဂ္ဂင်သည်၊ ဒီနှစ်ခုသည် သူများအပေါ်မှာ ကြီးစိုးပြီး သူတို့ ကိုယ်တိုင်လွှမ်းမိုးနိုင်တဲ့အခြေအနေ ရောက်နေသော ကြောင့် မဂ္ဂင်ရှစ်ပါးထဲက သူတို့ကြီးစိုးပြီးလာသောကြောင့် သေသေ ချာချာ သူတို့မြင်တာက ဒုက္ခသစ္စာ၊ သူတို့နှစ်ခုက မဂ္ဂသစ္စာ ဒီလိုလာဖြစ်တာကိုး။

သူတို့က ဘယ်လောက်ထိအောင် ကြီးစိုးသလဲဆို တော့ ဒကာဒကာမတို့ ကိလေသာရန်သူတွေဆိုတဲ့ ငါးပါး အာရုံ ကာမဂုဏ်တွေ၊ အဂုသိုလ်တရားတွေ ဟော့. . မင်းတို့ အနားမသီကြနဲ့၊ မင်းတို့နေရာမဟုတ်ဘူးဆိုပြီး တစ်ခါတည်း သူတို့က ဒီနေရာသူတို့ကြီးစိုးနေတဲ့အတွက် ဟိုဟာတွေဟာ အနားသီလို့ရသေးရဲ့လား. . . (မရပါဘုရား)။

မသိနိုင်တာသည် ဒကာဒကာမတို့ သူတို့သည် ဣန္ဒြေအဖြစ်နဲ့ကြီးစိုးပြီးသကာလ မဂ္ဂင်အဖြစ်သို့ ရောက်အောင် ပျောက်သွားသောကြောင့် ကိလေသေမာရိတော ဖြစ်တယ်၊ ကိလေသေ = ကိလေသာတို့ကို၊ မာရိတော=သတ်လျက်၊ ဂစ္ဆတိ=နိဗ္ဗာန်သို့သွား၏။

## နိဗ္ဗာန်ဘက်အာရုံပြုတယ်

တစ်ခါတည်းသမာဓိနဲ့ ပညာက နိဗ္ဗာန်ဘက်ကို အာရုံပြုလိုက်တယ်၊ ဖြစ်ပျက်ကလေးကျော်ဖြတ်ပြီးသကာလ ဖြစ်ပျက်ကလေးမရှိပဲနဲ့၊ ဖြစ်ပျက်အဆုံးဆိုတဲ့ ဖြစ်ပျက်ကလေး ချုပ်သွားတဲ့အဆုံး၊ ဒုက္ခသဿ ကရိဿတိ ဆိုတဲ့ အဲဒီဒုက္ခ အဆုံးကလေး၊ တစ်ခါတည်း အာရုံပြုပြီး သကာလ အကုသိုလ်တရားတွေ၊ ဒုက္ခအဆုံးနော် သူက သမာဓိ ပညာ က သူက ဣန္ဒြေလည်းထိုက်ပါရော၊ ဒုက္ခအဆုံးကိုမြင်ပါရော၊ ရန်သူတွေလည်း အဲဒီအချိန်မှာ သူတို့ကြီးစိုးနေတဲ့အတွက် တစ်ခါတည်း ဒို့နေရာမဟုတ်တော့ပါဘူး၊ ဒို့ကိုဖြင့် သူတို့က နှင်ပါပေါ့ဆိုပြီး တစ်ခါတည်းပြေးတော့တာပဲ. . . (မှန်ပ့ါ)။

## သစ္စာလေးချက် တစ်ပြိုင်နက်

အဲဒီကဲ့သို့ပြေးသောကြောင့် ကိုယ့်အာရုံသည် နိရောဓသစ္စာ၊ ဒုက္ခအဆုံးက နိဗ္ဗာန်က နိရောဓသစ္စာ၊ သူတို့

နှစ်ခုနှင့်တကွ အပေါင်းအဖော်တွေက မဂ္ဂသစ္စာ၊ပြေးတဲ့ တရားတွေက သမုဒယတွေချုပ်ကုန်တယ်၊ သမုဒယ အကြောင်းတွေ အကုန်ချုပ်တယ်။

အဲဒီအကုသိုလ်တရားတွေရော၊ ဒါတွင်မကသေးပါ ဘူးတဲ့ ကုသိုလ်တရားတွေတောင်မှ သာမညဝဋ်ထဲ ဝင်တဲ့ ကုသိုလ်တရားတွေတောင် ချုပ်သွားလိုက်သေးတယ်။

## လူကောင်၊ နတ်ကောင်မဖြစ်တော့ဘူး

ချုပ်သွားပြီးသကာလ ကုသိုလ် အကုသိုလ်တို့က ဒီလူ ချမ်းသာ၊ နတ်ချမ်းသာတွေ ပေးမယ်လို့လုပ်တာတွေတောင်မှ မပေးနိုင်တော့ပဲနဲ့ ပဋိသန္ဓေနေမှုကစပြီး သိမ်းလိုက်တဲ့ အတွက် လူကောင်၊ နတ်ကောင်၊ ဗြဟ္မာကောင်တွေ ဖြစ်နိုင် သေးရဲ့လား. . . (မဖြစ်နိုင်ပါဘူး)။

အဲဒီမဖြစ်နိုင်သည့်တိုင်အောင် သမာဓိနဲ့ပညာကြီးစိုး လာပြီဆိုမှဖြင့် ကုသိုလ်နဲ့ အကုသိုလ်တွေဟာ တစ်ခါတည်း ဗိုင်းဗိုင်းလဲပြီးသကာလ ဒို့အကျိုးပေးမယ်လို့စောင့်ပြီးနေတာ တွေ၊ ဒုက္ခတွေအကျိုးပေးမယ်လို့စောင့်နေတာတွေ၊ ဝဋ်ကုသိုလ်နဲ့ အကုသိုလ်တွေဟာ တစ်ခါတည်း ဗိုင်းဗိုင်းလဲ ပြီးသကာလ ပဋိသန္ဓေကစပြီး ချုပ်ပြီး အို နာသေပစ်ရတယ် ဆိုတာ တထစ်ချမှတ်ပါ။

## ဣန္ဒြေထိုက်ဖို့အရေးကြီးတယ်

ဒါဖြင့် ဣန္ဒြေထိုက်ဖို့ အတော်အရေးကြီးတာပဲ. . (ကြီးပါတယ်)၊ အင်မတန်အရေးကြီးတယ်၊ သမာဓိဣန္ဒြေ၊ ပညိန္ဒြေဖြစ်လာဖို့ ဒကာဒကာမတွေ ကနေ့ည တရားမှာ အထူးမှတ်ပါ။

သမာဓိဣန္ဒြေဆိုတာ သမာဓိကကြီးစိုးလာတယ်၊ ပညိန္ဒြေဆိုတာ ပညာက အားလုံးအပေါ်မှာ ကြီးစိုးလာတယ်၊ ကြီးစိုးလာတယ်ဆိုကတည်းက သူက အပေါင်းအဖော်တွေဟူသရွေ့သည် သူတို့နှစ်ခုအလိုကျ မလိုက်ကြဘူးလား. . . (လိုက်ကြရပါတယ်)။

သတိကလည်း သူတို့နောက်လိုက်ကွာ၊ သမ္မာဝါစာ၊ သမ္မာသက်ပွတွေကလည်း သူတို့နောက်လိုက်ကွာ ဝီရိယတွေကလည်း ဝီရိယိန္ဒြေအဖြစ်နဲ့ သူကလည်း ခေါင်းဆောင်ပြီးသကာလ သူကလည်း အစီအစဉ်အတိုင်း ကြိုးပမ်းမယ်ဆိုပြီး ပါလာတာပဲ။

ဒါကြောင့် သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ ဝီရိယိန္ဒြေ၊ ဒါတွေဟာ ဣန္ဒြေထိုက်လာပြီဆိုမှဖြင့် ဒကာဒကာမတို့ ခင်ဗျားတို့အလိုရှိတဲ့ ဒုက္ခသစ္စာလေးကို ပိုင်းခြားပြီး နိရောဓသစ္စာကို မျက်မှောက်ပြုလိုက်တယ် (မှန်ပ့ါ)။

သူတို့ ဣန္ဒြေထိုက်လာတယ်၊ သူတို့ ဣန္ဒြေထိုက်လာရော အကုသိုလ်ရန်သူတွေ၊ ဝဋ်ထဲပေးမဲ့ကုသိုလ်ရန်သူတွေ

လည်း ချုပ်သွားတယ်၊ ချုပ်သွားတော့ နောက်ဇာတိ၊ နောက်ဇရာ၊ နောက်မရဏဆိုတာ ဒေါ်အုန်းခင် လာစရာရှိသေးသလား (မရှိပါ)။

အင်း. . သစ္စာလေးချက်တစ်ပြိုင်နက်ဖြစ်လာတာ၊ သူတို့ ကြုံတွေ့ထိုက်လာဖို့ အရေးဟာအတော်မကြီးဘူးလား ကြီးပါတယ်။

## ပါရမီဆိုတာ ဘာပါလိမ့်

ဒါဖြင့် ဒကာဒကာမတွေ ဒီလိုလုပ်ကြပေတော့၊ ပါရမီ ပါရမီဆိုတာ ခင်ဗျားတို့က ဘာပါလိမ့်မလဲဆိုလို့ရှိရင် သမာဓိ ရိုးရိုးက သမာဓိနွေရှင်းပလား. . . (ရှင်းပါပြီ)။

နဂိုကတော့ သမာဓိရိုးရိုးလေးနဲ့ရှိတယ်၊ ရှုပါများလာတော့၊ ဒီသမာဓိက သူများအပေါ်ကြီးစိုးတဲ့ သမာဓိဖြစ်တယ် (ဖြစ်ပါတယ်ဘုရား)၊ အဲတော့ သမာဓိထက် သမာဓိနွေက ရင့်တယ်။

သမာဓိနဲ့သမာဓိနွေဟာ သမာဓိချင်းအတူတူပဲ၊ သို့သော် ပထမသမာဓိက သူများမကြီးစိုးနိုင်ဘူး၊ နောက်အားထုတ်ပါများတော့ သမာဓိက သူတစ်ပါးကြီးစိုးလာတယ်၊ ရန်သူတွေ အနားမကပ်အောင် လုပ်နိုင်လာတယ်၊ ဟုတ်ပလား. . . (မှန်ပါ)။

နောက်ကျတော့ ဒီသမာဓိသည်ပင်လျှင် ဣန္ဒြေတွေ ဖြစ်လာတယ်၊ နောက်ကျတော့ ဒီထက်ကြီးကျယ်တဲ့ မဂ္ဂင်ကြီး ဖြစ်လာတယ်၊ ပါရမီရင့်တယ်ဆိုတာ ဒါပဲ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## ပါရမီရင့်တယ်ဆိုတာ ဘယ်လိုမှတ်သတုံး

ပါရမီရင့်တယ်ဆိုတာ ဒကာဒကာမတို့ သေသေချာချာမှတ်ထားကြပါ၊ ပါရမီရင့်တယ်ဆိုတာ ခင်ဗျားတို့က ဘယ်လိုမှတ်တုံး၊ တစ်ဘဝထက်တစ်ဘဝစီ မှတ်နေတယ်။

သေသေချာချာလွဲတယ် ဒီဥစ္စာ၊ တစ်ဘဝထက် တစ်ဘဝ ခင်ဗျားတို့ သာဓကတွေ ဒီလိုမယူပါနဲ့။

ဘုရားလို့ဆိုတဲ့ပုဂ္ဂိုလ်တွေကျတော့ ဘုရားဆိုတဲ့ ဘုရားလောင်းတွေကျတော့ယူတာပေါ့၊ ခင်ဗျားတို့လိုကျတော့ ဒီလိုမယူပါနဲ့။

## တရားထိုင်သူများအတွက် အားထုတ်စဉ်

ပထမရှုစ,မှာ သမာဓိ၊ ရှုစမှာတော့ သမာဓိနဲ့ ပညာနဲ့တွဲနေတယ်၊ သမာဓိကလည်း ရိုးရိုးပဲပေါ့၊ ခံနိုင်ရုံပေါ့၊ ပညာကလည်း ခပ်အေးအေးပဲဆိုတော့ ဖြစ်ပျက်မြင်တယ်၊ မြင်ပါတယ်၊ မြင်ပင်မြင်ငြားသော်လည်း အကြောင်းတွေ မမြင်ဘူး (မှန်လှပါဘုရား) မြင်စရာကျန်သေးတယ်။

ဒါသမာဓိပညာရိုးရိုးမြင်နော်၊ ရိုးရိုးသမာဓိ၊ ရိုးရိုးပညာဖြစ်နေတယ်၊ နောက်ကျတော့ ဒကာ ဒကာမတွေက ဆရာဘုန်းကြီးက ပြောတယ်၊ ဣန္ဒြေ၊ သမာဓိတွေအကြီးကြီးကိုဖြစ်ရမယ်၊ ပညာကိုလဲ အကြီးကြီးဖြစ်အောင်လုပ်မယ်။

ဆိုပြီးသကာလ၊ စိတ်ပြင်းပြပြီးသကာလ၊ သမာဓိဆိုရင်လည်း မလျှော့ဘူးကွ၊ ပညာကိုလည်း မလျှော့ဘူးကွဆိုပြီး ခုနက ထက်အားတွေတိုးမလာဘူးလား (လာပါတယ်ဘုရား)၊ တိုးလာရင် ခုနကထက် အနိစ္စအချက်ကို စွန့်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

နောက်ကျလာတဲ့အခါကျတော့ ဒီလိုတွင်မကဘူး၊ ဒကာဒကာမတို့ ဒီထက်တိုးလိုက်ဦး (မှန်ပါ့)၊ ကောင်းပြီ ကိလေသာရန်သူကိုဖြိုဖျက်နိုင်တဲ့အခြေရောက်အောင်ဖြင့်ရှုသဖြင့် ပြတ်အောင်လုပ်ပါတော့မယ်ဆိုပြီးသကာလ၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင်ဖြစ်အောင်သာ မင်းတို့က တစ်ဆင့်တိုးပြီး ကိလေသာရန်သူကို အပြုတ်တိုက်မဟာဆိုပြီး သကာလ မင်းတို့ အားတင်းပေးလိုက်လို့ရှိရင်ဖြင့် မဂ္ဂသစ္စာဖြစ်လာမယ်။

## ပါရမီဆိုတာ တစ်ဘဝထဲမှာပေါ်သည်

နဂိုက သမာဓိရိုးရိုး၊ နောက်သမာဓိဣန္ဒြေ၊ နောက်သမာဓိမဂ္ဂင်၊ ပေါ် သုံးဆတက်ယူရမယ်၊ ရိပ်မိပလား (ရိပ်မိပါပြီ)၊ ဒါဟာ တစ်ဘဝထဲမှာပေါ်သည် (မှန်လှပါဘုရား)

ဘဝ ပြားသေးသလား. . . (မပြားပါဘူးဘုရား)။

## အားထုတ်ရင် ဒီအတိုင်းဖြစ်ရမယ်

မင်းတို့အားထုတ်စဉ်အတိုင်းနော်၊ ဟော့. . . မောင်မြင့်တို့ မင်းတို့အားထုတ်ရင် ဒီအတိုင်းဖြစ်ရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

ဒီနေ့ညအားထုတ်စဉ်ပြောတယ်၊ ကြပ်ကြပ်သတိထား နားထောင်ပါ၊ ကြပ်ကြပ်သတိထားနားထောင်ပါ ဒကာဒကာမတို့၊ သတိထားနားထောင်ပါဆိုတာ၊ ပထမတော့ ရှူရှူ၊ ရှူရှူ ဆရာဘုန်းကြီးတို့ ရှူရှူဆိုတဲ့ဝေဒနာတွေပေါ်ရာ လျှောက်ပြီးသကာလ သူ့သဘောထဲမှာ ကြားတဲ့နေရာတွေ လျှောက်ရှုခိုင်းတာက ခင်ဗျားတို့ သမာဓိက ရိုးရိုးသမာဓိ (မှန်ပါ့)၊ ပညာကကော (ရိုးရိုးပညာ) အဲဒီတော့ မြင်တော့မြင်ပါရဲ့တဲ့ မြင်တန်သလောက် ရှုအားရှိသလောက် မြင်တာပေါ့ဗျာ (မှန်ပါ့)။

သို့သော် ဣန္ဒြေမထိုက်သေးဘူး၊ မဂ္ဂင်မထိုက်သေးဘူး (ဝါ) မဂ်မရသေးဘူးဆိုတာပေါ့၊ နောက်ကျတော့ ဒကာဒကာမတွေ ဘုန်းကြီးကအားပေးလိမ့်မယ်၊ သံဝေဂဉာဏ်တွေနဲ့ အားပေးလိမ့်မယ် (မှန်ပါ့)။

ဒါ မလုပ်မဖြစ်ဘူးနော်၊ မလုပ်မဖြစ်ဘူး ခင်ဗျားတို့ဟိုမှာ ဒယ်အိုးကြီးတွေဆူနေတယ်၊ ငရဲမီးတွေဟုန်းဟုန်း

တောက်နေတယ်၊ အဲဒါခင်ဗျားတို့၏ ပစ္စည်းတွေ၊ ဘုန်းကြီးက ဒီလိုပြောလိုက်တယ်။

## မရမရှိဘူး၊ ရအောင်လုပ်ပါ

ဟုတ်လည်း ဟုတ်နေတာကိုးဗျ၊ အဲဒီကဲ့သို့ပြောလိုက်တဲ့အခါကျတော့ ဒကာဒကာမတွေက ကြောက်တယ်၊ မရမရှိပါဘူးကွာ၊ ရအောင်လုပ်ဟော့ဆိုတော့ အခုနထက် မပြင်းလား. . . (ပြင်းပါတယ်)။

သမာဓိကော မပြင်းဘူးလား. . . (ပြင်းပါတယ်)၊ ပညာကော. . . (ပြင်းပါတယ်)၊ ပြင်းတယ် ဒကာစိန်ရ (မှန်ပါ့)၊ အဲဒီလို ဒါကြောင့်နေ့တိုင်း သံဝေဂထည့်ပေးတယ်ဆိုတာ ခင်ဗျားတို့သွေးပေးတာထက်အောင် ထက်သတဲ့ထက်အောင်လို့ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

နို့မို့လို့ရှိရင် တရားနာရီဝက်လောက်ဆို ခင်ဗျားတို့ကို ဒီဥစ္စာကြီးထက်အောင်ကို အားပေးနေတာ (မှန်ပါ့)၊ ဣန္ဒြေထိုက်လာအောင် (မှန်ပါ့)။

ဣန္ဒြေထိုက်လာတော့ ဒီဘဝတော့ ဒီဥစ္စာဖြင့် ဒို့ပြင်စိတ်တွေအဝင်မခံဘူးကွာ၊ ဒီအပေါ်မှာကို အနိစ္စတွေလည်း မပြတ်စေဘူး၊ သမာဓိလည်း မပြတ်စေဘူး၊ ပညာလည်း မပြတ်စေဘူးဆိုတော့ မောင်စောမောင် ပြင်းမလာဘူးလား . . . (လာပါတယ်)။

## ထူးခြားတဲ့ အမြင်တွေလာမယ်

ပြင်းလာတဲ့အခါကျတော့ ခုနက ရိုးရိုးအမြင်ထက်၊ ထူးခြားတဲ့အမြင်မလာပေဘူးလား. . . (လာပါတယ်ဘုရား)၊ အဲဒီလိုဆိုတော့ ရင့်မလာဘူးလားဗျာ (ရင့်လာပါတယ် ဘုရား)။

ရင့်ပြန်တော့ တစ်ခါဘုန်းကြီးကအားပေးပြန်တယ်၊ ဒကာဒကာမတို့ ခင်ဗျားတို့လုပ်တာလည်း၊ ငရဲမီးတော့ ငြိမ်းတန်သလောက်တော့ငြိမ်းပြီး၊ ငြိမ်းတန်သလောက် ငြိမ်းတာက တစ်ဘဝ၊ နှစ်ဘဝပဲ ငြိမ်းသေးတယ်ဗျာ။

ငရဲမီးတစ်ခါတည်းခင်ဗျားတို့နဲ့ သေခန်း၊ ရှင်ခန်း ပြတ်အောင် ငြိမ်းတန်ပြီဟေ့ဆိုတော့မှ ဟာ ဒါဖြင့် ကြိုးစား ဦးမယ်ဗျာ၊ ဒီထက်ပိုကြိုးစားဦးမယ်ဆိုလို့ရှိရင်ဖြင့် သမာဓိက လည်း မဂ္ဂင်ဖြစ်လာမယ်၊ ပညာကကော (မဂ္ဂင်ဖြစ်လာမှာပါ ဘုရား)။

## ငရဲမီးငြိမ်းပြီး ဒယ်အိုးပါပျောက်တယ်

အဲဒီမဂ္ဂင်ဖြစ်လာတော့မှ ဒကာ ဒကာမတွေ ဟိုကမီး တွေကငြိမ်းတာကိုးဗျ၊ ဒယ်အိုးတွေကလည်း အိုးပါပျောက်၊ မီးတွေကလည်း ပြာမကျန်အောင်ပျောက်. . . (မှန်လှပါ ဘုရား)။

ဒကာစိန်ရေ ဒါဖြင့် မီးတွေပြာမကျန်အောင် ပျောက်အောင် ဒယ်အိုးတွင်မက အလုံးစုံအကုန်ပျောက်အောင် ဒယ်အိုးတွင်မက အလုံးစုံအကုန်ပျောက်အောင်ဖြင့် ခုနက သမာဓိရိုးရိုးတင်မနေပဲနဲ့ ဣန္ဒြေကြီးကြီးကျယ်ကျယ် ဣန္ဒြေဖြစ်အောင်လုပ်. . . (မှန်ပါ့ဘုရား)။

ဒီထက်တစ်ခါ အားတက်ပြီးသကာလ မဂ္ဂင်ဆိုက်အောင်လုပ်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ငရဲမီးငြိမ်း၍ ပြာမကျန်အောင် အိုးတွေပျောက်၍ ကျုပ်တို့နှင့် ဘာမှမဆိုင် (တင်ပါ့)၊ အဲဒီအခြေအနေခင်ဗျားတို့ ဒီဘဝရောက်မယ်၊ သဘောကျပလား. . . (ကျပါပြီ)။

## ငရဲအိုးဆူပြီး စောင့်နေတယ်

အဲတော့ အားထုတ်တဲ့ပုဂ္ဂိုလ်ဖြင့် ငရဲမီးငြိမ်းပြီး အိုးပျောက်မှာပဲ၊ အားမထုတ်ဘူး၊ ထုံးစံအတိုင်း တပည့်တော်တို့အင်း နာတော့နာပါတယ်၊ သို့သော်လည်း သားရေးသမီးရေး စီးပွားရေးက စိတ်၊ ရောင်းရေးဝယ်ရေးက စိတ်၊ မအားမလပ်တာတွေက စိတ်ပဲရှိတယ်။

ခင်ဗျားတို့စိတ်ဟာ ကိစ္စမရှိဘူး၊ ခင်ဗျားတို့သေရင် အဲဒီ ငရဲမီးကလည်း မငြိမ်းသေးဘူး၊ အဲဒီအိုးကြီးကလည်း ဆူတာ၊ ခင်ဗျားတို့စောင့်နေတာ. . . (မှန်ပါ့ဘုရား)။

# ဘုန်းကြီးလျှောက်လို့လဲ မလွှတ်ဘူး

ခင်ဗျားတို့က သားရေးသမီးရေးထည့်ပြီး ဘုန်းကြီးကို လာပြီးလျှောက်မနေနဲ့ (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ သွားရမည့် လမ်း၊ အဲတော့ ဘုန်းကြီးလျှောက်လို့လဲလွှတ်တာ မဟုတ်ဘူး၊ မရွှေစောင်းဟောနေတယ်လို့ အောက်မေ့ မနေနဲ့ဦး၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီဘုရား)။

ဆင်ခြေလဲစရာလိုသေးလား (မလိုပါဘုရား)၊ ဒေါ်အုန်းခင်ကြီးက လဲချင်သေးသလား. . (မလဲချင်ပါ ဘုရား)၊ မလဲနဲ့ဗျ၊ ငရဲမီးငြိမ်းပြီး အိုးပျောက်မှ နေရာကျမယ် မဟုတ်လား. . . (ဟုတ်ပါတယ်ဘုရား)။

အဲတော့ မင်းတို့သွားရင် အဆင်သင့်ပဲပေ့၊ အင်း မင်းတို့ကလည်း မဂ်မရသေးဘူးဆိုလို့ရှိရင် သွားရဦးမှာပဲ၊ သွားရဦးမယ်ဆိုတော့ ဟိုက ရှိနှင့်တယ်လို့မပြောဘူးလား . . . (ပြောပါတယ်)။

ဒါကြောင့် တစ်နေ့က ပြောခဲ့တယ်မို့လား၊ နန္ဒိယက လူ့ပြည်ကျောင်းဆောက်တော့၊ ဒကာဒကာမတို့ သူမသေခင် က တာဝတိံသာနတ်ပြည်မှာ ဘာဖြစ်သလဲ. . . (ဘုံပေါက် ပါတယ်ဘုရား)။

## လူ့ပြည်ကျောင်းဆောက်၊ နတ်ပြည်ဘုံပေါက်

အံမယ်- မသေခင်က ပေါက်နေတယ်ဆိုတော့ အံ့လိုက်တာ၊ ဟုတ်ဘူးလား . . . (ဟုတ်ပါတယ်)၊ လူ့ပြည်ကျောင်းဆောက်တော့ နတ်ပြည်ဘုံပေါက်တော့၊ ခင်ဗျားတို့က သိပ်ပြီးသဘောကျတာပေါ့လေ (မှန်ပါ့)၊ တယ်လဲကျောင်းဆောက်ချင်ကြတယ်။

ခင်ဗျားတို့ အကုသိုလ်လုပ်နေတော့လည်း လူ့ပြည်က အကုသိုလ်လုပ်နေတော့ ငရဲဘုံပေါက်တာပေါ့ (တင်ပါ့)၊ ဒေါ်အုန်းခင် ဒီအထဲရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ငရဲဘာဖြစ်သတုံး. . . (ဘုံပေါက်ပါတယ်ဘုရား)။

## အကုသိုလ်လည်း ငရဲဘုံပေါက်တယ်

ဘုံပေါက်တယ်၊ လာရင်အဆင်သင့်ဖြစ်ဖို့ (တင်ပါ့)၊ အဲတော့ ကြာနေမှာစိုးရတယ်၊ ဒေါ်ရွှေရေ မျက်စိများလည်နေမှာစိုးလို့၊ ခက် ခက်ရချည့် ဘုံပေါက်ပြီးပြီ၊ လမ်းများမှားဖို့လိုသေးသလား. . . (မလိုပါဘုရား)။

ဘယ်လမ်းမှားလိမ့်မတုံး ဒကာဒကာမတို့က မိစ္ဆာသမာဓိဟုတ်လား၊ မိစ္ဆာဉာဏ်၊ မိစ္ဆာသမာဓိတွေကလည်း အဲဒါ မိစ္ဆာမဂ္ဂင်ဆိုတယ်၊ မိစ္ဆာမဂ္ဂင်ဆိုတော့ မဂ္ဂင်ဆိုတာ လမ်းမဟုတ်လား. . . (ဟုတ်ပါတယ်)။

## ခင်ဗျားဒယ်အိုးက ဒါပဲ

အံမယ် တယုတယလိုက်ပို့လိုက်တယ် (မှန်ပါ့)၊ မမှား ရပါဘူးတဲ့၊ ခင်ဗျားဒယ်အိုး ဒါပါပဲ (မှန်ပါ့)၊ ရိပ်မိပလား. . (ရိပ်မိပါပြီ)၊ မှားမှာကိုကော စိုးရိမ်သေးသလား. . . (မစိုးရိမ် ပါဘုရား)။

ခင်ဗျားတို့ မဂ္ဂင်ငါးပါးနဲ့၊ လောကုတ္တရာမဂ္ဂင်ရတော့ နိဗ္ဗာန်လမ်းမှားသေးသလား . . . (မမှားပါဘုရား)၊ တစ်ကြောင်းတည်းသောခရီးလို့ ဘုရားကဟောလိုက်သေး တယ်. . . (မှန်ပါ့)။

ခင်ဗျားတို့ပြုထားတဲ့ အကုသိုလ်တွေကျတော့လည်း ဘယ်နှယ်ဆိုကြမလဲ. . . (တစ်ကြောင်းတည်းသောခရီးပါ) လမ်းမမှားဘူး၊ တစ်ကြောင်းတည်းသောခရီး (မှန်ပါ့)၊ ဟုတ် ပလား. . . ဒေါ်သန်းရဲ့. . . (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဘယ်သူက လိုက်ပို့မှာလည်းဆိုတော့ မိစ္ဆာ သမာဓိရယ်၊ မိစ္ဆာဉာဏ်ရယ်၊ အဲဒီနှစ်ခုက မဂ္ဂင်ဖွဲ့ပြီး လိုက်ပို့မယ် ဒေါ်အုန်းခင်ကြီးရ (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အဲတော့ ခင်ဗျားတို့က မဂ္ဂင်ကျတောဖြင့် မဂ္ဂင်ဆိုတာ ဟော့ ဧကအယံဝေါ ဘိက္ခဝေမဂ္ဂေါ တဲ့၊ တစ်ကြောင်းတည်း သောခရီးနဲ့ နိဗ္ဗာန်ရောက်တယ် ဒကာဒကာမတွေက မဂ္ဂင်ကျ ရင် သိပ်သဘောကျတယ် (ကျပါတယ်)၊ ဟုတ်လည်းဟုတ် ဘာပဲ။

## တစ်ကြောင်းတည်းသောခရီး

ဒါဖြင့် နိဗ္ဗာန်မဂ္ဂင်ကလည်း တစ်ကြောင်းတည်းသော ခရီးပဲ၊ အပါယ်လေးပါးသွားမည့်ပုဂ္ဂိုလ်ဖြစ်ဖြစ်၊ တိရစ္ဆာန်သွားမည့်ပုဂ္ဂိုလ်ဖြင့် တိရစ္ဆာန်တစ်ကြောင်းတည်းကျတယ် (မှန်ပါ့)။

ဟုတ်လား၊ ပြိတ္တာဘုံကျမည့်ပုဂ္ဂိုလ်ကော (တစ်ကြောင်းတည်းကျပါတယ်)၊ အဲဒီတော့ ဒကာဒကာမတွေ ခုနက ပြောခဲ့တာနဲ့ ပြတ်ပါတယ်။

နန္ဒိယ လူ့ပြည်ကျောင်းဆောက်တော့ နတ်ပြည်ဘုံပေါက်တာကို ခင်ဗျားတို့ အကျေနပ်ကြီး မကျေနပ်ဘူးလား (ကျေနပ်ပါတယ်ဘုရား)။ ရှင်မောဂ္ဂလာန်ကြီးပြန်လာတော့လည်း မယုံကြည်ဘူးလား. . . (ယုံကြည်ပါတယ်)

အေး. . ငရဲမှာကျတော့လည်း ဒီလိုပဲ ဘုံပေါက်နှင့် မယ်ဆိုတာလည်း ရှင်မောဂ္ဂလာန်ငရဲလည်း ရောက်ပါတယ်၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အဲတော့ အဲဒီကျတော့ မသွားချင်ဘူး ဆိုလို့ရရဲ့လား (မရပါဘုရား)။

## မသွားချင်ရင် ငြိမ်နေလို့မရဘူး

မသွားချင်ရင် ခင်ဗျားတို့ မဂ္ဂင်သွားအောင်လုပ် (မှန်ပါ့)၊ မသွားချင်ရင် ငြိမ်နေလို့မရဘူးတဲ့၊ ခင်ဗျားတို့ သားရေးသမီးရေး၊ စီးပွားရေးနဲ့ မိစ္ဆာသမာဓိနဲ့ မိစ္ဆာဉာဏ်သာ သွားလုပ်နေကြမယ်ဆိုရင် မောင်ထွန်းလှိုင် မသွားချင်ပါဘူး

နေလို့မရဘူးနော် သွားရမှာပဲ (မှန်ပါ့)။

ဒီကလည်း မိစ္ဆာမဂ္ဂင်လမ်းမတော်ကြီးထဲသွားတယ်၊ သမ္မာမဂ္ဂင်ကလည်း လမ်းမတော်ကြီး (မှန်ပါ့)၊ အဲတော့ ခင်ဗျားတို့မှာ ဘုန်းကြီးပြောနေတာကသမ္မာမဂ္ဂင်လမ်းမတော်ကြီးကို ပြောနေတယ် (မှန်ပါ့)။

ခင်ဗျားတို့က နိဗ္ဗာန်မဂ္ဂင်လမ်းမတော်ကြီးကို ခင်ဗျားတို့ နေပုံထိုင်ပုံက သွားချင်တဲ့သဘော၊ လုပ်ရတယ်၊ အဲတော့ ခင်ဗျားတို့က တေတယ်၊ ဆိုးတယ် ဆိုလို့ရှိရင် ခင်ဗျားတို့ ခံရတော့မှာပဲ (မှန်ပါ့)။

ဘာကြောင့်တုံးဆိုလို့ရှိရင် လောဘ၊ ဒေါသ၊ မောဟတွေ ရောင်းရေးဝယ်ရေးနဲ့ ဝိပဿနာအလုပ်ကိုတော့ မလုပ်ဘူး၊ လျော့စျေးဆိုပါတော့ဗျာ၊ ဩော်. . ဘယ်သွားဖို့အရေးက သာများနေသလဲ. . (အပါယ်သွားဖို့အရေးက များပါတယ်)။

အပါယ်သွားဖို့အရေးက ဘယ်သူပို့မှာတုံးဆိုတော့ မိစ္ဆာသမာဓိ၊ မိစ္ဆာဉာဏ် သဘောကျပလား. . . (ကျပါပြီ)၊ မိစ္ဆာသမာဓိနဲ့ မိစ္ဆာဉာဏ်က ဘယ်ပို့မှာလည်း. . . (အပါယ်ပို့မှာပါဘုရား)။

## လမ်းဆုံရောက်နေပြီ ဘယ်လမ်းလိုက်မလဲ

အဲဒါလမ်းကိုဗျ၊ အဲဒီလမ်းမတော်ကြီး တက်မိကတည်းကိုက ဘယ်သူမှ ဆွဲလို့မရတော့ဘူး၊ အဲဒါကြောင့်

ခင်ဗျားတို့ အခုတော့ဖြင့် ဒကာဒကာမတွေ လမ်းဆုံရောက်နေပြီ (မှန်ပါ့)။

ဘယ်လမ်းလိုက်ကြမယ်စိတ်ကူးသတုံး ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်လမ်းကို လိုက်ပါ့မယ်ဘုရားလို့ လျှောက်မှာပဲ (လျှောက်မှာပါဘုရား)။

အဲတော့ လျှောက်ရုံနဲ့တော့မရောက်ဘူး၊ လျှောက်ရုံနဲ့မရောက်ဘူး လုပ်မှရမယ်၊ တစ်ခါတည်း ဒုက္ခသစ္စာ ပိုင်းခြားတာမြင်ပြီး နိရောဓသစ္စာမျက်မှောက်ကိုပြုမှ ဒေါ်အုန်းခင် စိတ်ချရမယ်။

နို့မို့လို့ရှိရင် ဟိုလမ်းမကြီးကလည်း ဒီအနားမှာရှိနေသေးတာပဲ၊ ကဲ- ဒကာသိုက် ဘယ်လမ်းသွားချင်သလဲ . . . (နိဗ္ဗာန် ပါ)၊ အဲ နိဗ္ဗာန်လမ်းပဲ သွားချင်တယ်၊ နိဗ္ဗာန်လမ်းပဲ သွားချင်တယ်။

## ဆုတောင်းလို့မရဘူး၊ အလုပ်လုပ်ရမယ်

နိဗ္ဗာန်လမ်းသွားချင်လို့ရှိရင်ဖြင့် ဝေဒနာနဲ့ ဝိပဿနာစိတ်ကိုရှု၊ ဖြစ်ပျက်ရှုတော့ ဒုက္ခသစ္စာဖြစ်ပြီး ပိုင်းခြားနိုင်တဲ့ အခြေအနေရောက်လို့ရှိရင်ဖြင့် ဆုမတောင်းရပါဘူး (မှန်ပါ့)၊ မဂ္ဂင်ပေါ်ရောက်ပြီကွာ။

မရောက်ပေဘူးလား. . . (ရောက်ပါတယ်)၊ ကဲ အကုသိုလ်များလုပ်တော့ ကျုပ်သည် ဘယ်အပါယ်ရောက်ရ

ပါလိုဏ်လို့ ဆုတောင်းရသေးသလား (မတောင်းရပါဘုရား)။

အကုသိုလ်မဂ္ဂင်လမ်းနှစ်ခုက ခင်ဗျားတို့ ဝမ်းထဲရှိနေတော့ ဒီလမ်းနှစ်ခုကနေ တစ်ခါတည်းအပါယ်ပို့သွားတော့တာပဲ ဒကာစိန်ရ (မှန်လှပါဘုရား)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဒေဝဒတ်ကြီး ဘယ်သူလိုက်ပို့သတုံး

ဒေဝဒတ်ကြီးသည်ကားလို့ဆိုရင် ဥပစ္ဆေဒကကံ၊ သံယဘေဒက ကံဆိုတဲ့ အကုသိုလ်မဂ္ဂင်နှစ်ပါးကြောင့် မိစ္ဆာသမာဓိနဲ့ မိစ္ဆာဉာဏ်တွေက ကျောက်မောင်းဆင်ထားတဲ့ မိစ္ဆာဉာဏ်တွေ၊ အဲဒီဉာဏ်တွေကနေပြီးသကာလ တစ်ခါတည်းမြေထဲကနေ ပြီးသကာလ ပို့တာပဲ။

ဒါဖြင့် ဘယ်သူကလိုက်ပို့သတုံးဆိုရင် ရိပ်မိပလား. . (ရိပ်မိပါပြီ)၊ မိစ္ဆာသမာဓိရယ် (မိစ္ဆာဉာဏ်ရယ်ပါဘုရား)၊ မိစ္ဆာဉာဏ်ရယ် ဒေါ်အုန်းခင်. . . (မှန်ပါ့)။

## ဘုန်းကြီးပြောတဲ့အလုပ် မလုပ်ရင်

အဲတော့ ဒကာဒကာမတွေ ဘုန်းကြီးပြောတဲ့အလုပ်ကို မလုပ်လို့ရှိရင် ငါသေလို့ရှိရင်ဟော့ မစိုးရိမ်ကြနဲ့ ငါ့ဟာငါသွားမယ်ပြောလိုက်. . . (မှန်လှပါ)။

ဘုန်းကြီးပြောတဲ့အလုပ်ကို လုပ်လို့ရှိရင်ဖြင့် ငါသေရင်ဆွမ်းမသွတ်နဲ့ပြောလိုက် (မှန်ပါ့)၊ နိဗ္ဗာန်ရောက်ပြီ၊ ဟုတ်လား။

ဘုန်းကြီးပြောတဲ့အလုပ်ကို မလုပ်ခဲ့လို့ရှိရင် ငါသေရင် ဆွမ်းမသွတ်နဲ့ပဲပြော၊ ငါ့အမျှခေါ်ဖို့ရာ အချိန်မရှိတော့ဘူး။

ဒေါ်အုန်းခင်ကြီး ဘယ်ဟာကြိုက်သတုံး သမ္မာမဂ္ဂင်လမ်းလိုက်၊ သမ္မာမဂ္ဂင်လမ်း ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ မိစ္ဆာမဂ္ဂင်လမ်းကိုဖြင့် မလိုက်ကြနဲ့၊ မလိုက်ကြနဲ့ဆိုတာ ဘုန်းကြီးက အမြင်နဲ့သေသေချာချာပြောတာ။ ဟုတ်ဘူးလား (ဟုတ်ပါတယ်) အမြင်နဲ့သေသေချာချာ ပြောတာ။

## နန္ဒိယကကျောင်းဒကာ၊ ရေဝတီကခင်ပွန်းမ

ကြည့်- နန္ဒိယတို့လင်မယားသည် သဒ္ဓါဒကာမက ရေဝတီဆိုတာ မောင်စောမောင်တို့ ကြားဘူးမှာပေါ့. . . (ကြားဘူးပါတယ်)။

နန္ဒိယက ကျောင်းဒကာ၊ ရေဝတီလည်း ကျောင်းအမဖြစ်ဖို့တယ်ကောင်းပေါ့၊ မဟုတ်ဘူးလား၊ အဲတော့ ရေဝတီကလည်း ကျောင်းဆောက်တာကို မတတ်သာလို့ လင်ဆောက်လို့သာ ဆောက်ရတယ်၊ သူစိန်ဝယ်ဖို့လောက် အရေးကြီးတာမဟုတ်ဘူး၊ ဒီလိုဖြစ်နေတာ. . . (မှန်ပါ့)။

ဒီလိုဖြစ်နေတော့ သူတို့ကသဒ္ဒါတရားမပါဘူး ယောကျ်ားမလွန်နိုင်လို့ လျှော့လိုက်ရတာ၊ မင်းဟာမင်း ဆောက်လေ၊ သဘောတူသလိုလိုပေါ့လေ၊ သူကတော့ လှူမှု တန်းမှု၊ ပေးမှုကမ်းမှုလည်း ဝါသနာမပါ၊ ဣဿာမစ္ဆရိယ ကများ (မှန်ပါ့ဘုရား)။

## နန္ဒိယကနတ်ပြည်မှာဘုံပေါက်တယ်

ဒီလိုဖြစ်နေတော့ အင်း- နန္ဒိယကလည်း ကျောင်း ဆောက်ပြီး ဘုံပေါက်တယ်၊ ရေဝတီကျတော့ ငရဲကလာပြီး ငရဲက ငရဲသားနှစ်ယောက်က လာခေါ်တယ်။

ငရဲသားနှစ်ယောက်က လာခေါ်ပြီး နန္ဒိယဘုံသွား ပြလိုက်သေးတယ်၊ ဟောဒါနင့်လင်၊ နင်၏ခင်ပွန်းသည် နေဖို့ ဘုံ၊ အင်း. . ကျမလည်း ခင်ပွန်းမပဲ၊ ဒီဘုံ ကျမ ထားခဲ့ပါ။

ဟာ- ထားခဲ့လို့မဖြစ်ဘူး၊ နင်ကမိစ္ဆာမဂ္ဂင်နဲ့၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)၊ သူက မိစ္ဆာမဂ္ဂင်နဲ့ကို၊ ဟိုက သမ္မာ မဂ္ဂင်နဲ့ကို အဲတော့ သမ္မာမဂ္ဂင်သမားကတော့ စုတေမနေ သေလွန်တော့ နန္ဒိယကတော့ ဟိုဘုံရောက်သွားတယ်. . . (မှန်လှပါ)။

## ခင်ပွန်းမ ရေဝတီကတော့ ငရဲကျတယ်

သူ့ခင်ပွန်းမ ရေဝတီကိုတော့ ပြတော့ပြသေးတယ်၊ သမ္မာမဂ္ဂင်သမားကတော့ ဒီဟာ၊ ခင်ဗျား မိစ္ဆာမဂ္ဂင်လမ်း သမားဖြစ်လို့ သူ့ကျတော့ ဒယ်အိုးထဲပစ်ထည့်တယ် (မှန်ပါ့)။

တာဝတိံသာကနေ ပစ်ချလိုက်တာ (တင်ပါ့)၊ အရိုးနဲ့ အသားတခြားစီသွားဖို့မကောင်းဘူးလား. . (ကောင်းပါတယ်)၊ အမှန်မယ် သူက လုံးရက်သွားတယ်၊ တခြားစီမသွားဘူး၊ ဒယ်အိုးထဲအဆင်သင့်ဖြစ်အောင်လို့ (မှန်ပါ့)၊ နို့မို့ရင် ငါးဆီ ဘူးထဲ ကျော်သလိုဖြစ်မှာ၊ ငါးတစ်ကောင်လုံးကျော်ချင်တာ၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဘယ်လမ်းကြိုက်သလဲ

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ ဘယ်လမ်းကြိုက်ကြလဲ၊ (သမ္မာမဂ္ဂင်လမ်းပါဘုရား)၊ သမ္မာမဂ္ဂင်လမ်းကြိုက်တယ်၊ ရေဝတီလမ်းတော့မကြိုက်ဘူးဆိုပါတော့ . . . (တင်ပါ့)၊ နန္ဒိယလမ်းကျတော့ (ကြိုက်ပါတယ်ဘုရား)။

နန္ဒိယလမ်းကတော့ အကောင်းချည့်ပဲ၊ ရေဝတီလမ်း ကတော့ (မကောင်းပါဘုရား)၊ အေး- ဒါကြောင့် မှတ်ထား၊ ဒို့သည် သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်ပြီးသကာလ ဝိပဿနာအလုပ်ကိုရှောင်ဖယ်နေကြလို့ရှိရင် ရေဝတီလမ်းဟာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## နန္ဒိယလမ်းလိုက်ကြပါ

ဝိပဿနာအလုပ် လုပ်လို့ရှိရင် (နန္ဒိယလမ်းပါ)၊ နန္ဒိယလမ်း၊ အေး- ဆိုင်းဘုတ်ကလေးဆွဲထား အိမ်ကျတော့၊ နန္ဒိယလမ်းလား? ရေဝတီလမ်းလား? ဆိုတာ အိမ်ကျတော့ ဆိုင်းဘုတ်ဆွဲကြ၊ ဒကာစိန်ရေ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အဲတော့ ဘယ်လမ်းတုံး. . . (နန္ဒိယလမ်းလိုက်မှာပါဘုရား)။

နန္ဒိယလမ်းပဲလိုက်မှဖြစ်မှာပဲတဲ့၊ ရေဝတီလမ်းလိုက်လို့ရှိရင် အတော်မဆိုးပေဘူးလား. . . (ဆိုးပါတယ်)။

အေး- ဒါကြောင့် ဒကာဒကာမတို့ ယောကျ်ားလုပ်တာနဲ့ ဒို့မိန်းမရပြီလို့ အောက်မေ့မနေနဲ့ (တင်ပ့ါဘုရား)၊ မိန်းမအလုပ်လုပ်နေရင် ယောကျ်ားက အေး- မင်းတို့တော့ ဝိပဿနာအလုပ်သွားပြီး အားထုတ်တော့၊ ဒို့တော့ စားရေးရှာမကွဲဆိုရင်လည်း (မရပါဘုရား)၊ သူလည်း ရေဝတီလမ်းဖြစ်သွားလိမ့်ဦးမယ် (မှန်ပ့ါ)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

## ဝိပဿနာမှာ သာခုခေါ်လို့မရဘူး

အဲတော့ ရေဝတီလမ်းမကြိုက်လို့ရှိရင်လည်း နန္ဒိယလမ်းလိုက်မယ် မဟုတ်ဘူးလား. . . (တင်ပ့ါ)၊ အဲတော့ ဒီမှာလည်း ခင်ဗျားတို့လုပ်တာကိုဖြင့် အားလုံးကူညီပြီးသကာလ ခင်ဗျားတို့ ဒါနအမျှဝေဆိုလို့ သာဓု၊ သာဓု ဆိုလို့ အတူရ

တယ်လို့၊ ဒီအသွားမျိုးက ဒါနမှာရတယ်၊ ဝိပဿနာမှာ မရဘူး၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ)။

အဲ ဒေါ်ရွှေဘယ်လမ်းလိုက်ချင်သလဲ (ဝိပဿနာပါ)၊ အေး- နန္ဒိယလမ်းလိုက် ဟုတ်လား၊ ဒကာသိုက်ကတော့ (နန္ဒိယလမ်းပါ)၊ ရေဝတီလမ်း ခင်ဗျားမသွားချင်ဘူး၊ ကိုင်း ဒါဖြင့် လမ်းနှစ်လမ်းပေါ်ကြပလား. . . (ပေါ်ပါပြီ)။

အေး- ဒါကြောင့် နန္ဒိယလမ်းကတော့ကို သမာဓိ၊ သမ္မာသမာဓိလမ်း ပညာလမ်း၊ သမ္မာသမာဓိလမ်း ပညာလမ်း၊ ရေဝတီလမ်းကတော့ မိစ္ဆာသမာဓိနဲ့ မိစ္ဆာဉာဏ်လမ်း၊ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ သူက မကုန်ဖို့နဲ့ မကျဖို့နဲ့ ဒါပဲ အရေးကြီးတယ် (မှန်ပါ့)။

## လှူတာ၊ တန်းတာ ကိုယ့်အတွက်

ဟိုကတော့ ကုန်ရင်ကုန်၊ ကျရင်ကျလကွာ ဒါ ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာဆိုပြီး ဟိုကတော့ သူ့အိတ်ထဲဖိတ်တယ်လို့ ယူလိုက်တယ်။

သူကတော့ မဟုတ်ဘူး၊ သူများအိတ်ထဲဖိတ်တယ်လို့ ယူလိုက်တယ်၊ လှူတာတန်းတာကတော့ သူများအိတ်ထဲဖိတ်တာမဟုတ်ဘူး၊ ကိုယ့်အိတ်ထဲဖိတ်တာ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ကိုယ့်အတွက်လှူတာကိုးဗျ။

## တရားအားထုတ်တာ ကိုယ့်အတွက်

တရားအားထုတ်တာကတော့ (ကိုယ့်အတွက်ပါ)၊ ကိုယ့်အတွက်အားထုတ်တာကိုပဲ ခင်ဗျားတို့က ကိုယ့်အတွက် အားထုတ်တာတော်လောက်ထင်ပါရဲ့ ဒီနေ့တစ်နာရီလောက် ရပြီ။

အမယ် ကိုယ့်ဖို့ကို တစ်နာရီပဲဆိုတော့ ကိုယ့်ဖို့ကို တစ်နာရီလောက်ဆိုလို့ရှိရင် တော်ပြီဆိုတော့၊ ကိုယ့်ဖို့ကို နည်းနည်းယူချင်တဲ့သဘောလား၊ များများယူချင်တဲ့သဘောလား (နည်းနည်းယူချင်တဲ့သဘောပါ)၊ ဘာပြုလို့လည်း သူများအတွက်လား ကိုယ့်ဖို့လား. . . (ကိုယ့်ဖို့ပါ)။

## အခွင့်ကောင်းကို လျှော့စျေးလုပ်နေတယ်

ဒီနေရာ လောဘသေးလှချည်လား၊ ဘာဖြစ်နေတာတုံး၊ ထီတော့ ထိုးလိုက်တာ သိန်းဆုပေါက်ချင်လို့ အခွင့်ကောင်းကျတော့ လျှော့စျေးလုပ်နေတယ်၊ ဘာဖြစ်နေတာလဲ။

ဒေါ်အုန်းခင် ဘာဖြစ်နေတာတုံး၊ ကိုယ်ဖို့ကျတော့ လျှော့စျေးဟုတ်ဖူးလား. . . (ဟုတ်ပါတယ်)။

အဲတော့ တိုတိုပြောကြပါစို့ဆိုတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ ကိုယ့်ဖို့သူ့ဖို့ဆိုရင် ပြောသေးတယ်နော် (မှန်ပါ့)၊ ဒေါ်သန်းရွေ ကိုယ့်ဖို့သူ့ဖို့ဆိုတော့ ဒီအထိ ခွဲလို့

မရသေးဘူး၊ ဒီနေ့တော့ တစ်နာရီလောက်ဆိုရင် နေ့တွက်စီပြီ (မှန်ပါ့)။

## အကုသိုလ်အလုပ်ကျတော့ နေ့ရောညရော လုပ်တယ်

သမ္မာဒိဋ္ဌိအလုပ်၊ သမ္မာသမာဓိအလုပ် တစ်နာရီလောက်ဆိုရင် တစ်စတစ်စနဲ့ဆို ပြည့်သွားမှာပဲ၊ မိစ္ဆာသမာဓိအလုပ်ကျတော့ တစ်နေ့ (၇) နာရီ (၈) နာရီ မပြည့်နိုင်သေးဘူး. . . (မှန်ပါ့ဘုရား)၊ အခုလုပ်နေကြတာတွေ ဟုတ်လား။

သမ္မာဒိဋ္ဌိအလုပ်ကျတော့ ဒီလောက်ဆိုရင် အင်း-တဖြည်းဖြည်းပြည့်သွားမှာပဲ၊ ဟိုဟာကျတော့ မြန်မြန်ပြည့်တာကြိုက်တယ်၊ သမာဓိအလုပ်ကျတော့ သမာဓိစခန်း၊ သမ္မာသမာဓိစခန်းကျတော့ ဖြည်းဖြည်းတစ်စတစ်စ ပြည့်သွားမှာတဲ့။

အကုသိုလ်အလုပ်ကျတော့ နေ့လုပ်လို့မပြီးသေးဘူး၊ ညတောင်မှဟုတ်လား ကူလုပ်ကြသေးတယ်၊ မကူဘူးလား. (ကူပါတယ်)။

## ဒကာဒကာမတွေ မလိမ်မာကြသေးဘူး

အဲတော့ ကိုယ့်ဖို့မဟုတ်တာကျတော့ အပြည့်ယူတယ်၊ ကိုယ့်ဖို့ဟုတ်တာကျတော့ လျော့ယူတယ်၊ တော်တော်

ဆိုးပါလား၊ မလိမ်မာသေးပါဘူး ဒီဒကာဒကာမတွေ (မှန်ပါ့)။

ဒေါ်အုန်းခင်ကြီး ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ အဲဒါ ဒေါ်အုန်းခင်ကြီးကိုဆိုတာမဟုတ်ပါဘူး၊ မိစ္ဆာသမာဓိနဲ့ သမ္မာသမာဓိ မခွဲတတ်တဲ့ပုဂ္ဂိုလ်ကိုဆိုတာပါ ရိပ်မိပလား. . . (ရိပ်မိပါပြီ)၊ ဘယ်သူ့ကိုမျက်စောင်းထိုးဆိုတယ်လို့ အောက်မေ့မနေနဲ့ (မှန်ပါ့)။

လမ်းနှစ်လမ်းကိုခွဲခြားပြီး သူ့ဖို့ ကိုယ့်ဖို့မသိတဲ့ပုဂ္ဂိုလ်ကို ဆိုသည်၊ (အကုန်လုံးပါပဲဘုရား)၊ အကုန်လုံးပဲလား. . တော်ပါသေးရဲ့၊ ဒါဖြင့်။

ကဲ ဒကာသိုက် ဒါတော်တော်အရေးကြီးတယ်နော်၊ အေး- ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ဖို့သူ့ဖို့ကော ကွဲကြပလား (ကွဲပါပြီ)၊ ဒါဖြင့် ကိုယ့်ဖို့လျှော့မလား. . . (မလျှော့ပါဘုရား)၊ ကိုယ့်ဖို့လျှော့မလား. . . (မလျှော့ပါဘုရား)၊ ကိုယ့်ဖို့ကိုယ်လုပ်ရမယ်နော် (မှန်ပါ့)။

အေး- အပါယ်ရောက်ဖို့အလုပ်တွေတော့ လျှော့ရမယ် (မှန်ပါ့)၊ အပါယ်ရောက်ဖို့အလုပ်လျှော့၊ ကိုယ့်ဖို့အလုပ်ကို (လုပ်ရမယ်ဘုရား)။

## အပါယ်ရောက်ဖို့ လုံးဝမရှိရင်ကောင်းတယ်

လျှော့ဆိုတာတောင်မှ ဒကာသိုက်ရဲ့ ဘုန်းကြီး

အပြောမှားတယ်၊ လျှော့ဆိုလို့ရှိရင် သူ့ဖို့နည်းနည်းကျန်သေးတယ်၊ အပါယ်ဘုံနည်းနည်းကျန်သေးတယ်၊ မကျန်ဘူးလား. (ကျန်ပါတယ်)။

အဲ- အဲဒီဘက်က လုံးဝမရှိရင်ကောင်းတယ် (မှန်ပါ့ဘုရား)၊ ဒီလိုဖြင့် တပည့်တော်တို့ အငတ်ထားတာလားလို့ မေးချင်မေးလိမ့်မယ်၊ မေးပေမယ့် အငတ်ထားတာ မဟုတ်ဘူး။

အငတ်ဆိုတာမျိုးက ဒါမျိုးကိုဆိုတာမဟုတ်ဘူး၊ သံသရာမှာ တောက်လျှောက်သွားနေတဲ့ပုဂ္ဂိုလ်သာ ငတ်တာ၊ ဘယ်တော့မှ သူမဝဘူး၊ ဝသေးရဲ့လား. . . (မဝပါဘုရား)။

အမေ့နို့ရည် ဒီဘဝ အမေ့နို့ရည်တွေသောက်ပြီး၊ နောက်ဘဝ အမေ့နို့ရည်တွေသောက်ပြန်တာ၊ ဝလို့လား မဝလို့လား (မဝလို့ပါဘုရား)၊ စောစောဘဝဆက်သောက်ပြန်တာကော (မဝလို့ပါဘုရား)။

အဲ- အဲဒီလို သံသရာရှည်တဲ့ပုဂ္ဂိုလ်သာ အငတ်ပါ၊ ခင်ဗျားတို့ဒီဘဝမှာ တကယ်တမ်းအားထုတ်လိုက်မယ်ဆိုလို့ရှိရင် ခင်ဗျားတို့ တဏှာလောဘမရှိတဲ့အတွက် အငတ်ပြေပါလိမ့်မယ် (မှန်ပါ့)။

သမာဓိမဂ္ဂင်နဲ့ သမ္မာသမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင်ဝင်ရင် အငတ်မပြေသေးဘူးလား. . . (ပြေပါတယ်)။

အငတ်ဆိုတာ ဘယ်သူကငတ်တာတုံးမေးတော့

လောဘကင်းတော်တာ၊ သူချုပ်သွားကတည်းက အငတ်က ဘယ်နှယ်နေသလဲ. . . (ပြေပါတယ်)။

## အငတ်ပျောက်ဆေးသည် မဂ္ဂင်ရေအေး

ဒါဖြင့် အငတ်ပျောက်ဆေးသည် မဂ္ဂင်ရေအေးပဲ. . (မှန်လှပါဘုရား)၊ မသောက်ချင်ဘူးလား. . . (သောက်ချင်ပါတယ်)၊ သောက်ဖြစ်အောင် သောက်ကြစမ်းပါ၊ တကယ်ပဲ အေးလာလိမ့်မယ် ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

အခုလိုအချိန်ကတော့ တစ်ခါတည်း ယနေ့တော်ပြီး နက်ဖြန်ရေရှာထွက်ပြန်တယ်၊ သဘက်ခါကျတော့ ဘာလုပ်ပြန်လဲ (ရေရှာထွက်ပြန်တယ်)၊ အို ငတ် ငတ်လွန်းတယ်၊ ဟုတ်ဘူးလား . . . (ဟုတ်ပါတယ်)။

ဝအောင် ဝအောင် ဆို၊ ဝတယ်လို့ရှိရဲ့လား (မရှိပါ)၊ မရှိကြဘူးလား၊ မရှက်ကြဘူးလား ဒေါ်အုန်းခင်တို့ (ရှက်ပါတယ်)၊ ကိုယ့်လိုလူချည်း ဘာရှက်စရာရှိသလဲ၊ သူလည်း အငတ်၊ ကိုယ်လည်းအငတ်ဖြစ်နေတယ်၊ အဲဒါကြောင့် မရှက်ကြတာကိုး (မှန်ပါ့)။

ဩော်- ခင်ဗျားတို့မရှက်တာက ငတ်လာတဲ့လူချင်း လမ်းသွားနေလို့ပေါ့ (မှန်လှပါ)၊ ဒီလိုဖြစ်မနေဘူးလား. . . (ဖြစ်နေပါတယ်)၊ အဲဒီအဓိပ္ပါယ်ရောက်တယ် (မှန်ပါ့)၊ ဒေါ်ရွှေ သဘောကျပလား. . . (ကျပါပြီ)၊ အတော်မဆိုးဘူး

လား ခင်ဗျားတို့ (ဆိုးပါတယ်)။

ဒါဖြင့် နောက်ကျတော့ကြည့်ကြပါဦး ဟုတ်လား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနှင့်တကွ ကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတစ်သိန်းဆိုတဲ့ဟာ ဟော့ ဒို့ဆီနေတိုင်းဆွမ်းခံလာ သေးသလား မေးကြည့်စမ်းပါ (မလာပါဘူး)၊ လာသေးသ လား (မလာပါဘုရား)။

ဘာဖြစ်သွားလို့တုံး (နိဗ္ဗာန်ရောက်သွားလို့ပါ)၊ နိဗ္ဗာန် ရောက်သွားတော့ လောဘဆိုတဲ့အငတ်ပျောက်သွားတယ်၊ ဒါဖြင့် ခင်ဗျားတို့ဆီမှာ သပိတ်နဲ့လာရပ်သေးရဲ့လား. . . (မရပ်တော့ပါဘုရား)။

ခင်ဗျားတို့ဖြင့် ဟိုအိမ်သွားလိုက်ပြန်ပြီ၊ ရပ်စရာလည်း ရှိပေးခဲ့ပါ၏ ဒါလေးဖြင့်ကြည့်လုပ်ဦးမှပဲ ဖြစ်ပျက်တွေ ကြောက်နေတယ်၊ အံမလေး ရှုပ်လိုက်တဲ့ဖြစ်ခြင်း။

တတ်ကြပလား. . . (တတ်ပါပြီ)၊ ဘာဖြစ်လို့သွား တာတုံးဆိုတော့ ငတ်လို့သွားတာ (ငတ်လို့ပါဘုရား)၊ ရိပ်မိ ပလား. . . (ရိပ်မိပါပြီ)။

ဒီအငတ်ပြဿနာကြီးပြေစေချင် မဂ္ဂင်ရေအေးကို သောက်သုံးမှသာလျှင် ဒကာစိန်ရ၊ အငတ်ပြဿနာပြေမယ် (မှန်ပါ)၊ နို့မို့လို့ရှိရင် ဒီဘဝသေရင် ဟိုဘဝ အမေ့နို့ရည် တွေသောက်ဦးမှာပဲ၊ ဒေါ်အုန်းခင် ဟိုဘက်ဘဝကော (သောက်ဦးမှာပါဘုရား)။

သောက်ဦးမှာပဲ လာမည့်ဘဝကော . . (သောက်မှာ ပါဘုရား)၊ ဟ သူ့အငတ်က ငတ်တာရှည်ကြီးပါလား. . . (ရှည်ပါတယ်ဘုရား)၊ ဒါဖြင့် ငတ်တာရှည်ကြိုက်သလား. . . ချက်ချင်းအငတ်ပျောက်တာကြိုက်သလား (ချက်ချင်းအငတ် ပျောက်တာကြိုက်ပါတယ်ဘုရား)၊ အင်း- အပြောတော့ သိပ် ဟုတ်တာပဲ (မှန်ပါ့)။

ဘုန်းကြီးတို့ဒကာဒကာမတွေက သိပ်တော့မည့်ဘူး ဗျ၊ လုပ်တော့သာ သူကရှောင်ဖယ်၊ ရှောင်ဖယ်ကြီး ဖြစ်နေ တာ။

ကိုင်း ဒကာဒကာမတို့ လုပ်ကြစမ်းပါဆိုတော့ ငတ်ပုံ တွေကိုပြောရခြင်းဟာလည်း ခင်ဗျားတို့လုပ်နေတဲ့အလုပ်တွေ ဟာ၊ ဩော်တို့သည် အငတ်ပြေမလားလို့ လုပ်လိုက်တာ မပြေ တဲ့အပြင် တိုးတိုးသာလာတော့တယ်ဆိုတာ ခင်ဗျားတို့ ကိုယ် တိုင်သိတယ် (မှန်လှပါဘုရား)။

နဂိုကသောင်းကိုးထောင်မရှိခင်ကလည်း ဟော့ သောင်းကိုးထောင်ရှိရင်တော်ပါပြီ၊ အခုတော့ သူချမ်းသာ တာက ဘယ်အခြေ ပြစရာရှိသေးလဲ . . . (မရှိပါဘုရား)၊ အဲဒါ ကြောင့်၊

## ပညာကြောင့် အာသဝေါကုန်ရတယ်

**'သီလပရိဘာဝိတော၊ သမာဓိမဟပ္ဖလောဟောတိ'**

သီလပရိဘာဝိတော - သီလကိုဆောက်တည်ပွား များနေတဲ့ပုဂ္ဂိုလ်သည်၊ သမာဓိ မဟပ္ဖလော - သမာဓိမှာ များစွာကျေးဇူးရှိတယ်၊

**'သမာဓိပရိဘာဝိတော၊ ပညာမဟပ္ဖလောဟောတိ၊ မဟာနိသံတော'**

သမာဓိပရိဘာဝိတော - သမာဓိတည်ကြည်သော ပုဂ္ဂိုလ်သည်၊ သမာဓိတည်ကြည်လာပြန်တော့လဲ၊ ပညာမှာ အားရှိလာပြန်တယ်။

**'ပညာပရိဘာဝိတံစိတ္တံ၊ အာသဝေဟိစိတ္တံ ဝိမုစ္စတိ'**

ပညာပရိဘာဝိတံ - ပညာအားရှိလာတဲ့ပုဂ္ဂိုလ်ကျပြန် တော့၊ ပညာက ခုနင်ကပြောသလို၊ အဆင့်အတိုင်းတက်လာ တဲ့ပုဂ္ဂိုလ်ကျတော့ အာသဝေါတရားဟာ၊ ပညာကြောင့် ကုန် ရတယ်. . . (မှန်လှပါဘုရား)။

ကုန်တာတော့ ပညာကြောင့်ကုန်တာပဲ၊ သို့သော် ပညာကို သမာဓိက အားပေးတယ်၊ သမာဓိကို သီလက အားပေးတယ် (မှန်ပါ့)၊ ဒါဖြင့် **သီလသမာဓိပညာစုံမှ အာသဝေါကုန်တယ်** (မှန်ပါ့)၊ ရိပ်မိကြပလား. . (ရိပ်မိပါပြီ)။

သီလ သမာဓိ ပညာစုံမှ ဘာတဲ့. . . (အာသဝေါ

ကုန်ပါတယ်)၊ အာသဝေါတရားတို့၏ ကုန်ရာဟာ နိဗ္ဗာန်ပဲ . . . (မှန်ပါ့)။

ဒေါ်အုန်းခင် ရိပ်မိပလား. . . (မှန်ပါ့)၊ ဘာပါ ဘာပါ စုံရမတဲ့. . . (သီလသမာဓိ ပညာ စုံရပါမယ်ဘုရား)။

## ခေါင်ချုပ်ကတော့ ပညာလို့ရင်းပဲ

အဲဒီကဲ့သို့ သံယုတ်ပါဠိတော်မှာလာတယ်။ သီလပရိဘာဝိတော သမာဓိမဟပ္ဖလောဟောတိ။ သမာဓိပရိဘာဝိတော ပညာမဟပ္ဖလောဟောတိ။ ပညာပရိဘာဝိတံ စိတ္တံ အာသဝေဟိ စိတ္တံ ဝိမုစ္စတိ. . .။ သို့သော် ခေါင်ချုပ်ကတော့ ပညာလိုရင်းပဲ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

သီလက ဘယ်သူ့အားပေးသတုံး. . . (သမာဓိအား ပေးပါတယ်)၊ သမာဓိက ဘယ်သူ့အားပေးသတုံး (ပညာပါဘုရား)၊ ပညာကမှ ဒေါ်အုန်းခင်တို့ မရီတို့ အာသဝေါတရား ကုန်စေနိုင်တယ် (မှန်ပါ့)။

ဘယ်သူကမှ ကုန်စေနိုင်သတုံး. . . (ပညာကပါဘုရား)။ သို့သော် သူ့အခြံအရံကတော့ဖြင့် သီလလည်းပါမှ သမာဓိကော (ပါမှပါဘုရား)၊ အဲ သူတို့ပါမှသာလျှင် ပညာက ကုန်စေနိုင်တယ်။ အကူအညီမပါပဲနဲ့တော့ မပြီးဘူး. . . (မှန်ပါ)။

ဒါ့ကြောင့် သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ လို့

ဝိသုဒ္ဓိစင်လာတယ် (မှန်ပါ့)။

**သီလလုံခြုံမှ သမာဓိတက်လို့ရတယ်၊ သမာဓိတက်လို့ရမှ ပညာဘက်ကို** (တက်လို့ရပါတယ်)။ **တက်လို့ရတယ်၊ ကူးလို့ရတယ်၊ ခတ်လို့ရတယ်၊** ကဲ. . . မတူတို့ ရိပ်မိပလား. (ရိပ်မိပါပြီဘုရား)။

## ငါးပါးသီလဟာ အမြဲသီလ

ဒါဖြင့် သီလလည်းမပျက်စေကြပါနဲ့ ဒကာဒကာမတို့ ခင်ဗျားတို့ ငါးပါးသီလကလေးဟာလေ (မှန်ပါ)၊ ဘုရားရှေ့မှာမခံလည်း ခင်ဗျားတို့ဝမ်းထဲမှာရှိတယ် (မှန်ပါ့)၊ ဘုရားရှေ့သွားပြီး ဆောက်တည်ရင်ကော. . . (ရှိပါတယ်ဘုရား)၊ မဆောက်တည်လည်း ရှိ ဆောက်တည်လည်း ရှိသောကြောင့် **ငါးပါးသီလဟာ လူ့သီလမှာဖြင့်** ဒကာဒကာမတို့ **အမြဲသီလလို့ မှတ်လိုက်** (မှန်ပါ) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ငါးပါးသီလဟာ ဘာသီလပါလိမ့် . . . (အမြဲသီလပါဘုရား) ဆောက်တည်လည်း ရှိတာပဲ (မှန်ပါ့) မဆောက်တည်ဘဲ နေရင်ကော (ရှိပါတယ်ဘုရား) အဲဒါ နိစ္စသီလလို့ခေါ်သည် (မှန်ပါ့)။

အဲဒီ **သီလ** မပျက်ပဲနဲ့ **နေလို့ရှိရင် ခင်ဗျားတို့ အားထုတ်တဲ့ သမာဓိ ဝိပဿနာအလုပ်ဟာ သေသေချာချာ**

ပြီးနိုင်တယ် (မှန်ပ့ါ) သူမပါလို့ရှိရင်ဖြင့် ဘယ့်နှယ်ဖြစ်မလဲလို့ မေးလို့ရှိရင် ဘုန်းကြီးပြောပြမယ် အောက်က မြေက မညီဘူး၊ ဒီအပေါ်မှာ ခါးသွေးကျောက်တင်တယ်။ ခါးကသွေးလိုက်တယ် ဆိုတော့ **မြေမညီတဲ့အပေါ် ခါးသွေးကျောက်တင်သွေးရင် ဒီခါးဟာ** တုံးရမှာလား ထက်ရမှာလား (တုံးရမှာပါဘုရား) ဘာဖြစ်လို့တုံး (မြေမညီလို့ပါ)။ မြေမညီလို့ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ဒါဖြင့် **သီလဟာ မြေနဲ့တူတယ်၊ သမာဓိဟာ ကျောက်နဲ့တူတယ်၊ ခါးဟာ ပညာနဲ့တူတယ်၊ ကိုင်သွေးတဲ့ လက်က ဝီရိယနဲ့တူတယ်** (မှန်ပ့ါ)။ အဲဒီတော့ အောက်က **မြေမညီပြီဆိုမှဖြင့် ကျောက်မငြိမ်ဘူး၊ ကျောက်မငြိမ်ရင် ခါးမထက်ဘူး** (မှန်ပါ) ခါးမထက်ရင် ဘယ်ဟာခုတ်လို့မှ . . . (မရပါဘူး) မပြတ်တော့ဘူး . . . (မှန်ပ့ါ)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

အဲဒီအတိုင်းပါဘဲ ဒကာဒကာမတို့ **သီလကိုလည်း လုံခြုံအောင်လုပ်ပါ။ သမာဓိပညာကိုတော့ တွဲလွှတ်ပါ။** ရတာပဲ (မှန်ပါ) သီလဟာဖြင့် ၁ နံပါတ်အရေးကြီးတော့တယ် ဆိုတာ သဘောကျပလား . . . (ကျပါပြီ)။

အေး . . ဒါကြောင့် ဒကာဒကာမတို့ ခင်ဗျားတို့ အရေးဟာ အမြဲတန်း သီလရှိပြီးသကာလ နေတော့ ခင်ဗျား

တို့ တစ်ခါတစ်ခါကျတော့ ကျုပ်ဖြင့် ဒီနေ့ မုသားကလေး ပြောခဲ့မိပြီ. . . ။ အပြစ်ရှိပြီဆိုတော့ နဂိုကသီလရှိနေလို့ သီလကျိုးတာ (မှန်ပါ) သီလကျိုးတာ၊ သီလပေါက်တာ၊ သီလပျောက်တာ၊ သဘောကျကြပလား . . . (ကျပါပြီ)။

## သီလနဲ့ သမာဓိအကူအညီလိုတယ်

အေး. . . ဒါကြောင့်သီလကို ခင်ဗျားတို့ရှေးဦးစွာ လုံခြုံအောင်လုပ်၊ ပြီးတော့မှ ဘုန်းကြီးပြောတဲ့ စေတနာတွေကို သမာဓိနဲ့ ပညာနဲ့တွဲလုပ် (မှန်ပါ့) အဲဒီတွဲလုပ်လိုက်လို့ ရှိရင် ခင်ဗျားတို့ အာသဝေါတရား ကုန်ရာနိဗ္ဗာန်ကိုဖြင့် မရောက်မရှိပါဘူး။ သေသေချာချာဘုရား တာဝန်ခံတယ် (မှန်ပါ့)။

သီလပရိဘာဝိတော - သီလကို ပွားများစောင့် ရှောက်သော ပုဂ္ဂိုလ်သည် သမာဓိမဟပ္ဖလောဟောတိ - သမာဓိအပေါ် များစွာကျေးဇူးပြုတာပဲပေါ့ -တဲ့ (မှန်ပါ) သမာဓိပရိဘာဝိတော ပညာမဟပ္ဖလောဟောတိ။ သမာဓိ ပရိဘာဝိတော - သမာဓိကို ပွားများတည်ထောင်တဲ့ ပုဂ္ဂိုလ် သည် ပညာမဟပ္ဖလော - ပညာမှာ များစွာအကူအညီ ရသကွာတဲ့ (မှန်ပါ့) ပညာပရိဘာဝိတံ စိတ္တံပညာကို ပွားများ တဲ့စိတ်သည် အာသဝေဟိ-အာသဝေါတရားတို့မှ စိတ္တံ=စိတ်

သည် ဝိမုစ္စတိ=လွတ်၏ . . . (မှန်ပါ့)။

ပညာက လွတ်စေတာကတော့အမှန်ပဲ၊ သို့သော် ဟိုအကူအညီလိုတယ် (မှန်ပါ့) **သီလနဲ့ သမာဓိ အကူအညီ လိုတယ်** (မှန်ပါ) ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အိုဘေး နာဘေး သေဘေး တို့၏ ချုပ်ရာကင်းရာငြိမ်းရာကို သွားချင်ကြလို့ရှိရင်ဖြင့် သီလ သမာဓိပညာကိုဖြင့် ဒကာဒကာမတို့ ညီမျှအောင်လုပ်ကြ စမ်းပါ (မှန်ပါ) မတိုက်တွန်းသင့်ဘူးလား . . . (တိုက်တွန်း သင့်ပါတယ်)။

## သီလ၊ သမာဓိ၊ ပညာ၊ စုံအောင်ပြောတဲ့နေ့

ဒါဖြင့် . . . သီလ သမာဓိ ပညာကို ယနေ့တော့ဖြင့် အစုံပြောတဲ့ နေ့လို့သာ မှတ်ပေတော့ (မှန်ပါ့)။ သမာဓိချည့် တစ်လုံးတည်းဟောလို့ သူချည့်လည်း နိဗ္ဗာန်ရောက်မှာမှ မဟုတ်ဘဲကိုးဗျ (မှန်ပါ) အဲဒီတော့ မတွဲမဖြစ်တော့ဘူး (မှန်ပါ့) သူ့ချည့်ဆိုလို့ရှိရင်လည်း မဖြစ်နိုင်ဘူး။

ဒါဖြင့် ဒကာဒကာမတို့ ယနေ့ဟောတဲ့ တရားမှာ ဘယ်နှစ်လုံးပါလိမ့် (သုံးလုံးပါဘုရား)။ သီလ သမာဓိ ပညာ စုံမှသာလျှင် ခုနင်ကပြောသလို မြေနဲ့သီလနဲ့ တူတယ်၊ ကျောက်နဲ့ဘာနဲ့ တူသတုံး (သမာဓိနဲ့ တူပါတယ်) ဓါးနဲ့ ဘယ်သူနဲ့ သူသတုံး (ပညာနဲ့တူပါတယ်)။

ခါး ကိုင်သွေးတဲ့ ဝီရိယ လက်ငြိမ်ငြိမ်နဲ့ သွေးလိုက်လို့ ရှိရင် မြေငြိမ်ပေါ်မှာ သွေးလိုက်ရလို့ရှိရင်ဖြင့် ဒီခါးထက်မယ် (မှန်ပ့ါ) ဒီခါးထက်လို့ရှိရင်ဖြင့် ၁၅၀၀ ကိလေသာတည်းဟူသော သံယောဇဉ်ကြိုးတွေဟာ တစ်ပင်မှ မကျန်အောင် ပြတ်ထွက်သွားမယ်။ ထက်လာတာကိုးဗျ (မှန်ပါ) ထက်မလာလို့ရှိရင် ပြတ်နိုင်ပ့ါမလား . . . (မပြတ်နိုင်ပါဘူး)။

ဒ့ါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက - ဆိန္ဒသောတံပရက္ကမ . . . ။ သောတံ -တဏှာတည်းဟူသော ရေအလျဉ်ကို ၁၅၀၀ တည်းဟူသော ကြိုးအမျှင်တွေကို ပရက္ကမ - လုံ့လပြု၍ ဆိန္ဒ - ဖြတ်လိုက်ပါလော့ . . . (မှန်ပ့ါ) ကာမေပနုဒဗြာဟ္မဏ - ကာမအာရုံတွေကို မင်းတို့ဖြတ်လိုက်လို့ရှိရင်လည်း တစ်ခါတည်း ဒီဥစ္စာဟာ ပြတ်သွားတာပါပဲကွာတဲ့ . . . (မှန်ပါ)။

ဘယ်လိုဖြတ်ရမှာတုံးဆိုတော့ **သင်္ခါရာနံခယံဉတွာ** . . . တဲ့၊ ခင်ဗျားတို့ စေတနာကလေးဟာ သင်္ခါရတရားကလေး. . . ။ အဲဒါ ကလေးကုန်တာ မြင်မှပြတ်မယ် (မှန်ပ့ါ)၊ ကုန်တာမမြင်ရင် (မပြတ်ပါဘူး) ဒါဖြင့် ပညာကသိပ်အရေးကြီးနေတာပေ့ါ (မှန်ပ့ါ) ပညာကသိပ်အရေးကြီးနေတယ် ဒကာဒကာမတို့ (မှန်ပ့ါ)။

သင်္ခါရာနံခယံဉတွာ. . . **သင်္ခါရတရားဆိုတော့** ခင်ဗျားတို့ သန္တာန်ပေါ်တဲ့ ဝေဒနာဟူသ၍ ဟာသင်္ခါရချည်း

မှတ်လိုက် (မှန်ပါ့) **အဲဒါကလေးတွေ ကုန်တာဖြင့် မြင်အောင်ကြည့်ကြစမ်းပါ** (မှန်ပါ့) ဖြစ်ပြီးပျက်သွားလို့ မကုန်ဘူးလားဗျာ (ကုန်ပါတယ်)။ **ဖြစ်ပြီးပျက်တယ်ဆို ကုန်တာဘဲ။** ရုပ်ပျက်တယ်ဆိုတော့ ဒကာသိုက် ကုန်တာပဲ. . . (ကုန်တာပါပဲ)။ ရှာလို့တွေ့သေးလား. . . (မတွေ့ပါဘူး)။

အဲဒီတော့ အဲဒါကလေးကုန်တာကို သိလို့ရှိရင်ဖြင့် အကရည္ဈဆိုတဲ့ နိဗ္ဗာန်သို့ ပြာပ္ပန္နမ မကောင်းမှုမှအပပြုတဲ့ ရဟန္တာအဖြစ်သို့ ရောက်သည်။ ဟောတိဖြစ်၏တဲ့။ နိဗ္ဗာန်သို့ ရောက်တဲ့ ရဟန္တာဖြစ်တယ်ကွာတဲ့. . . (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတို့ ဝယသဘောလေး ကုန်တဲ့ သဘောကလေးကို ကြည့်ရတဲ့အရေးဟာဖြင့် . . . သူကတော့ ကုန်တော့ကုန်နေတာပဲ။ ခန္ဓာကိုယ်ထဲမှာ ဖျပ်ဆို ကုန်တာပဲ။ မနေ့ကလိုပဲ ဘုန်းကြီးက ပြောလိုက်ပါတယ်။ ထွေးခံကို ခေါက်တယ်ဆိုတော့ ခင်ဗျားတို့ ကြားစိတ်ကလေး မပေါ်ဘူးလား. . . (ပေါ်ပါတယ်) ပြန်ကြည့်လိုက်တော့ ကုန်နေတယ် (မှန်ပါ)။

ဉာဏ်နဲ့ပြန်ကြည့်တော့ ဘယ့်နှယ်နေသလဲ. . . (မရှိပါဘူးဘုရား)။ ကုန်နေပြီ. . . ဟုတ်လား. . . (မှန်ပါ) ကုန်နေပြီလို့သိတော့ ဘယ်မှာကုန်သတုံးလို့ မေးလိုက်တဲ့အခါ ဘယ့်နှယ်ဖြေပါ့မလဲ. . . (နားမှာကုန်ပါတယ်) အေး. . . နားထဲမှာ ကုန်တယ်ဆိုကြပါစို့. . . ။ သဘောကျပလား. . .

(ကျပါပြီ)။

နားထဲမှာ ကုန်သွားတော့ ဩော်. . . ဒါကလေး သည်ကားလို့ ဆိုလို့ရှိရင် **သင်္ခါရတရားမို့ ကုန်ခြင်းဆုံးတာပဲ ကိုး. . .** (မှန်ပါ) **သင်္ခါရတရားမို့ ပျက်ခြင်းဆုံးပဲကိုး. . .**။ ကုန်ခြင်းဆုံးတာပဲကိုးလို့ ခင်ဗျားတို့ မသိပေဘူးလား. . . (သိပါတယ်)။

အဲဒီတော့ နားဆီကိုဉာဏ်ကလေးလိုက်ပို့တာ ဘယ်သူက လိုက်ပို့တာတုံး (သမာဓိကပို့တာပါ) ကုန်တာ ကလေး သိတာကတော့ ဘယ်သူက သိတာတုံး (ဉာဏ်က သိပါတယ်)။ ဩော်. . . ဒါဖြင့် သူတို့နှစ်ခုကွဲမှသာလျှင် ဒကာဒကာမတို့ နားထဲမှာ ပျက်တယ်ဆိုတဲ့ဉစ္စာ နားထဲကို ပညာကလေးလိုက်ရှုနိုင်တဲ့ အခြေအနေရောက်အောင် ဟဒယဝတ္ထုပေါ်မှာ ပေါ်လာတဲ့ ပညာကလေးကို နားထဲမှာ စိုက်ပါ အဲဒီမှာ ပျက်တာပါလို့ဆိုတာ သမာဓိက ညွှန်ပြမှ ခင်ဗျားတို့ ဟဒယဝတ္ထုပေါ်ရှိတဲ့ ပညာက အဲဒီနေရာမှာ ပျက်တာကလေးကို သူမြင်လာတယ် (မှန်ပါ) ရိပ်မိပလား. . (ရိပ်မိပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ သမာဓိကညွှန်ပြသမား (မှန်ပါ) ပညာကကြည့်သမား (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

## ရေနံရှာတဲ့ဥပမာ

အေး. . . ဒါကြောင့်·အခုအခါမှာ ဥပမာမယ် ရေနံ သတ္တုတွေကို နိုင်ငံခြားက လာပြီးရှာတဲ့ ပုဂ္ဂိုလ်တွေ ဒီက မြို့ခံ တောသူတောင်သားမပါဘဲနဲ့ သူတို့သိပ့်ါမလား (မသိပါဘုရား) တောသူတောင်သားက တောထဲတော့ ကျွပ် လိုက်ပို့ရမှာပဲဗျာ။ ဘယ်တော ဘယ်တောင် ခင်ဗျားတို့ သွားချင်တဲ့တောတော့ ပြောဆိုတော့ သူတောထဲတော့ လိုက်ပို့တယ် (မှန်ပါ) ရေနံရှိ မရှိတော့ သူမသိဘူး။ သူ့မှာ ပညာမှ မပါဘဲ (မှန်ပါ) သဘောကျပလား. . . (ကျပါပြီ)။

ဒီမှာလည်း တောသူတောင်သားနဲ့ သမာဓိနဲ့တူတယ် ဟုတ်လား (မှန်ပါ) ဥရောပတိုက်သားတွေက လိုက်ပို့ပါ ဆိုတော့ လိုက်ပို့လိုက်တော့ ဟိုကျတော့ ရေနံကို ဓါတ်ဖာလ် လုံးတွေ ဘာတွေနဲ့ ချိန်ကြည့်လိုက်တဲ့အခါ ရေနံရှိနေရာမှာ ခုံကြွပြီးနေတဲ့အခါကျတော့ သူတို့ကတော့ ပညာပါလို့ ရေနံဟာ ဘယ်နှစ်ပေမှာရှိတယ်လို့ သိတယ် (မှန်ပါ) မသိပေ ဘူးလား (သိပါတယ်)။

အဲဒီတော့ တောသူတောင်သားနဲ့ ဘာနဲ့တူသတုံး. . (သမာဓိနဲ့တူပါတယ်) အဲ. . . ရေနံအကြောင်း ကောင်းကောင်းနားလည်တဲ့ ဥရောပတိုက်သားနဲ့ ဘာနဲ့ တူသတုံး. . . (ပညာနဲ့တူပါတယ်)။

အဲ. . . သမာဓိ မပါဘဲလည်း မပြီးဘူး၊ ပညာမပါဘဲလည်း (မပြီပါဘူးဘုရား) သို့သော် အရေးအကြီးဆုံးကတော့ ဖြင့် ပညာဘဲ. . . (မှန်ပါ)။ နားလည်ကြပလား (နားလည်ပါပြီ)။

ဒေါ်အုန်းခင် ဒီနေ့ပြောတဲ့ တရားကို ကြပ်ကြပ်မှတ်ပါ (မှန်ပါ့) အင်မတန် အရေးကြီးလို့ ပြောနေတယ် (မှန်ပါ့)။

အဲဒီတော့ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ခင်ဗျားတို့ သမာဓိကမရှိဘူး စိတ်တွေက တောင်ပြေးမြောက်ပြေး ပြေးပြီးနေတော့ ဒေါ်ခန့်တို့ ဆေးလိပ်သောက်သလိုပေါ့ ဆေးလိပ်မီးဖွားကဖြင့် ကိုယ့်အဝတ်ပေါ်ကျ စိတ်က တောင်ပြေးနဲ့၊ တွေးရင်းသောက်နေတာကိုးဗျ၊ သမာဓိပါသေးရဲ့လား. . . (မပါပါဘူး) ဟိုအဝတ်မှာ လေးငါးပေါက်လောက်ရှိတာတောင် မသိသေးဘူး (မှန်ပါ့) နောက်မှ သူများက ပြောမှသိရတယ် (မှန်ပါ) ဘာဖြစ်နေတာတုံး ဆိုတော့ သမာဓိမရှိဘူး (မှန်ပါ့)။

သမာဓိမရှိဘူး ဝိတက်တွေက တောင်ပြေး မြောက်ပြေးနေတော့ ကျတုန်းက ကျမှန်းသိလိုက်သေးရဲ့လား (မသိပါဘူး) မသိတာသည်ကားလို့ဆိုရင် သမာဓိမရှိလို့ မသိဘူး (မှန်ပါ့) မသိတော့ ဟိုမှာ ဘာဖြစ်နေတယ်ဆိုတာလည်း ဉာဏ်ကသိသေးရဲ့လား. . . (မသိပါဘူး)။

အေး. . . ဒါကြောင့် ခင်ဗျားတို့ သမာဓိမရှိပြီဆိုမှ ဖြင့် ပညာဟာ ဘယ်လမ်းမှ မလိုက်နိုင်တော့ဘူး. . . (မှန်ပ့ါ)။ ဒါကြောင့် **သမာဓိရှိမှသာလျှင် ပညာကလိုက်နိုင်တယ်ဆိုတဲ့** ဥစ္စာကိုလည်း ခင်ဗျားတို့ သေသေချာချာမှတ်ပါ (မှန်ပါ) ရှင်းပလား. . . (ရှင်းပါပြီ)။

## သမာဓိပညာ၊ ညီရမယ်

ဒါ့ကြောင့် **သမာဓိပညာသည် ဒကာဒကာမတို့ အလွန်မရှိဘဲနဲ့ ညီမျှခြင်း အရေးကြီးတယ်ဆိုတာ မှတ်ပါ** (မှန်ပ့ါ)။

သမာဓိပညာ ဘယ်လိုအရေးကြီးသတုံး. . . (ညီမျှဖို့ အရေးကြီးပါတယ်) တစ်ခုမှ မလွန်ပါစေနဲ့ဆိုတာလည်း ယနေ့အထူးမှာနေတယ် (မှန်ပါ)။ ဘာဖြစ်လို့ မှာရသတုံး ဆိုတော့ လိုရာခရီးကို ဖြုန်းခနဲရောက်အောင်လို့ (မှန်ပ့ါ) အာသဝေါကုန်တဲ့ဆီကို ဒကာသိုက် ဖြုန်းခနဲရောက်အောင် ပြောနေတယ် (မှန်ပါ) နားလည်ပလား. . . (နားလည်ပါပြီ)။

**သမာဓိလွန်ခဲ့သည်ရှိလို့ရှိရင်ဖြင့် ခုနင်က ပြောခဲ့တဲ့ ထိနမိဒ္ဓ**ကလာပြီ. . . (မှန်ပါ) **ပညာလွန်ပြန်တော့လည်း** ခုနင်က **ကောက်ကျစ်တဲ့** ဘက်သွားပြန်ပြီ (မှန်ပါ) အဲဒါ ကြောင့် သူတို့နှစ်ခုသည် ဘယ်သူမှ မသာရမှသာလျှင် ခင်ဗျားတို့ အာသဝေါကုန်တဲ့ နိဗ္ဗာန်ရောက်မယ် (မှန်ပါ)

**တစ်ခုခုလွန်နေရင်ဖြင့် အပျက်သာအောက်မေ့** (မှန်ပါ)။

ဒကာသိုက်ရေ သမာဓိလွန်လည်း အပျက်ဘဲ (မှန်ပါ) ပညာလွန်ကော. . . (အပျက်ပါဘုရား)။

အေး. . . ဒါကြောင့် သမာဓိလွန်တဲ့အပျက် ပညာလွန်တဲ့အပျက်ဖြစ်သောကြောင့် ခင်ဗျားတို့မှာ တစ်ခါတည်း ထိုင်လိုက်တယ်ဆိုလို့ရှိရင် **သမာဓိနဲ့ ပညာကိုချိန်၊ ဘယ်သူမှ မလွန်ရအောင်ချိန်လိုက်** (မှန်ပါ) ချိန်ပြီးသကာလမှ ဝေဒနာပေါ်တဲ့ဆီကို တစ်ခါတည်း နှစ်ခုပြိုင်လွှတ်လိုက်။ ပြိုင်လွှတ်လိုက်တဲ့အခါကျတော့ သမာဓိက အပို့သမား ပညာက အကြည့်သမားဆိုတော့ အိုး. . . သင်္ခါရကလေးတွေက ပျက်နေလိုက်တာ တစ်ကိုယ်လုံးပဲ။ ဟိုနေရာပေါ်လိုက် ပျက်လိုက်၊ ဒီနေရာပေါ်လိုက် ပျက်လိုက်၊ ဟိုနေရာပေါ်လိုက် ပျက်လိုက်၊ ဒီနေရာပေါ်လိုက် ပျက်လိုက်၊ ဒါတွေခင်ဗျားတို့ မြင်လာလိမ့်မယ် (မှန်ပါ့) မမြင်ပေဘူးလား. . . (မြင်ပါတယ်)။

အေး. . . သမာဓိကလည်း ပေါ်ရာလိုက်ပို့မယ်၊ ပညာကလည်း ပေါ်ရာလိုက်ရှုရမယ် (မှန်ပါ့) အဲဒီတော့ ပညာက သူချည့်သက်သက်ပေါ်ရာကို မရှုနိုင်ဘူး၊ သမာဓိပို့ရာ လိုက်ရှု ရရှာတယ် (မှန်ပါ့)။

## သမာဓိကရှေ့ကအပို့သမား

အဲဒီတော့ သမာဓိက ရှေ့ကအပို့သမား ပညာက ဘာတုံး. . . (အရှုသမားပါဘုရား)။ အေး. . . အရှုသမား၊ သို့သော် သွားတဲ့အခါတော့ အတူတူသွား (မှန်ပါ့)။

သွားတဲ့အခါကျတော့ အတူတူသွားတယ်၊ ခုနင်က ရေနံမြေညွှန်ပြတဲ့ လူနဲ့ ရေနံအကြောင်း ကောင်းကောင်း နားလည်တဲ့ ပုဂ္ဂိုလ်နဲ့ဟာ တွဲမသွားကြဘူးလား၊ (တွဲသွားကြပါတယ်)၊ တွဲတော့ သွားတာဘဲတဲ့ ဟိုကျတော့ ရေနံ အကြောင်းကို သိတာကတော့ တောသူတောင်သားက မသိဘူး. . . (မှန်ပါ) ဥရောပတိုက်သား ရေနံပါရဂူတွေက သိတယ် (မှန်ပါ) အဲ. . . သွားတုန်းကတော့ အတူတူသွား ကြတာဘဲ။ ဒီတောထဲ အတူတူဝင်ကြတာဘဲ (မှန်ပါ)။

ဒီမှာလည်း ဝေဒနာတောထဲကိုတော့ဖြင့် သမာဓိနဲ့ ပညာက အတူတူဝင်ကြတာဘဲ။ ထိုသို့ပင် ဝင်ငြားသော် လည်း အပျက်ကိုတော့ သမာဓိက သိကိုမသိဘူး (မှန်ပါ့)။ ပညာကတော့ (သိပါတယ်ဘုရား)။

အေး. . . ဒါကြောင့်. . . ပညာမှသာလျှင် ခင်ဗျား တို့ လိုရာခရီးကို ဒကာသိုက်ရောက်နိုင်တယ်ဆိုတာ ဆုံးဖြတ် ချက်ချပါ (မှန်ပါ) ပညာမပါရင်. . . (မရောက်နိုင်ပါဘူး)။ မရောက်နိုင်ဘူးဆိုတာ သေသေချာချာမှတ်ပါ။

ဒါဖြင့် ပညာသည် ခင်ဗျားတို့အတ .ကံမှာဖြင့် အရေးကြီးတယ်လို့ ဆိုငြားသော်လည်း အကူအညီပါဦးမှ ဆိုတာကလေးလည်း ချွင်းချက်ထား မှတ်လိုက်စမ်းပါဦး (မှန်ပါ့) ချွင်းချက်မထားရင် တော်ပါ့မလား (မတော်ပါဘူး)။

အေး. . ဒါကြောင့် ခင်ဗျားတို့ကို ပြောပြီးသကာလ နေတာ စိတ်မတည်တဲ့ ပုဂ္ဂိုလ်ဟာ ဒီကပြောလိုက်ပေမဲ့ ခင်ဗျားတို့မမှတ်မိဘူး၊ **သမာဓိလိုနေတယ်** (မှန်ပါ့) သမာဓိလိုတော့ ပညာက မှတ်နိုင်သေးရဲ့လား. . . (မမှတ်နိုင်ပါဘူး)။ စိတ်တည်တဲ့ပုဂ္ဂိုလ်ပြောလိုက်ပြီဆိုမှဖြင့် အကုန် မှတ်မိတယ်. . . (မှန်ပါ့)။

. အဲဒါ အိမ်ကျတော့ ဘုန်းကြီးဟောတဲ့တရားတွေ ကျုပ်မမှတ်မိဘူးလို့ ပြောလို့ရှိရင် ခင်ဗျားတို့ချင်း ဝေဖန် (မှန်ပါ) မဝေဖန်တတ်သေးဘူးလား. . . (ဝေဖန်တတ်ပါတယ်) ဘာလိုနေလို့တုံး. . . (သမာဓိလိုနေလို့ပါ)။ သမာဓိလိုသောကြောင့် ပညာကမှတ်နိုင်သေးရဲ့လား. . . (မမှတ်နိုင်ပါဘူး)။

အဲဒါကြောင့် အိမ်ကျတော့ မမှတ်မိဘူးပြောလို့ရှိရင် ရှက်စရာကြီး. . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)။

ဘာဖြစ်လို့ ရှက်စရာကောင်းသတုံး. . . (သမာဓိလိုနေလို့ပါ) သမာဓိလိုသွားတယ်ဆိုတာနဲ့ စိတ်က ဘယ်များသွားနေလို့တုံးလို့ မေးရုံပဲရှိတော့တယ် (မှန်ပါ)။ မဟုတ်ဘူး

လား (မှန်ပါ) အဲဒီတော့ မမှတ်မိအောင် အိမ်ကျတော့ မြဲနေ (မှန်ပါ) သဘောကျပလား (ကျပါပြီ)။

သွားပြောလိုက်လို့ရှိရင် ကိုယ်ပါ ဘာဖြစ်ဦးမတုံးဆိုလို့ ရှိရင် မင်းစိတ်ဘယ်သွားနေလို့တုံးလို့ သူများမေးတော့မှာ ပဲ. . . (မှန်ပါ) မမေးပေဘူးလား. . . (မေးပါတယ်ဘုရား) မေးနေတယ်ဆိုလို့ရှိရင် အမေးခံရတဲ့လူက ရှက်စရာကြီး. . . (မှန်ပ့ါ)။

ကဲ. . . ဒေါ်ရွှေ, မရှက်ဘူးလား (ရှက်စရာကြီးပါ ဘုရား)။ အေး. . . ရှက်စရာကြီး အဲဒါဘာတုံးဆိုလို့ရှိရင် သမာဓိမပါလို့ (မှန်ပ့ါ)။

တရားနာသွားတယ်ဆိုပြီး သမာဓိမပါဘူး ပညာ လည်း မပါဘူးဆိုလို့ရှိရင် တော်ပ့ါမလား. . . (မတော်ပါ ဘူး)။

အဲဒါကြောင့် ကျုပ်ဖြင့် မှတ်ကိုမမှတ်မိဘူးဆိုလို့ရင် သမာဓိလိုပြီ. . . (မှန်ပ့ါ) အဲဒါကြောင့် စူးစူးစိုက်စိုက် သမာဓိ ထားပြီး သကာလ စူးစူးစိုက်စိုက် ပညာနဲ့နာပါ (မှန်ပါ) **ခန္ဓာ ကိုယ်ကြည့်တဲ့အခါမှာလည်း ထို့အတူ စူးစူးစိုက်စိုက် သမာဓိ ထား၍ စူးစူးစိုက်စိုက် ပညာနဲ့ကြည့်ပါ**ဆိုတာ ဒကာသိုက် တိုက်တွန်းရတယ် (မှန်ပါ)။ မတိုက်တွန်းရင် မဖြစ်ဘူး. . . (မှန်ပ့ါ)။

မဖြစ်ဘူးတဲ့. . . ဒီအရေးဟာ အင်မတန်ကြီးတဲ့

အရေးမို့ ဒကာဒကာမတွေ အထူးပဲ ပြောနေတယ် (မှန်ပါဘုရား)။

ကိုင်းဒါဖြင့်

"ဆိန္နသောတံ ပရက္ကမ၊

သဠာယတနံ ခယံ ဥတွာ၊ အကတညူတိဗြာဟ္မဏ"

ဆိုတဲ့ ဥစ္စာသည် သင်္ခါရတို့၏ အဖြစ်အပျက်ကိုမြင်တာကဖြင့် ဒကာဒကာမတို့ ဝေဒနာတို့၏ အဖြစ်အပျက်ကို မြင်တာကဖြင့် ပညာကသာ မြင်နိုင်တယ် (မှန်ပါ့)။ ဝေဒနာရှိရာကို ဟောဒီမှာ ဟောဒီမှာလို့ ညွှန်ပြတာကတော့ (သမာဓိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မှတ်ထား **မျက်စိမမြင်တဲ့လူ ဒိုးထိုး သလိုသာမှတ်** (မှန်ပါ့) မျက်စိမမြင်တဲ့လူဟာ ဒိုးထိုးတာ ခင်ဗျားတို့ မြင်ဘူးကြရဲ့လား. . . (မမြင်ဖူးပါဘူးဘုရား)။

## မျက်စိမမြင်တဲ့လူ၊ ဒိုးထိုးသလို

မမြင်ဖူးဘူး. . .၊ တယ်လည်း ဂွကျသကိုး မျက်စိမမြင်တဲ့လူ ဒိုးထိုးပြီဆိုမှဖြင့် ဒိုးကို ဒီကခေါက်ပြရတယ်. . . (မှန်ပါ့)။ ဟိုကနေပြီး သူက ဒိုးထိုးတယ် (မှန်ပါ) အဲဒီခေါက်ပြတဲ့ဆီမှန်းပြီး ထိုးတာပဲ. . . (မှန်ပါ့)၊ ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ခေါက်ပြတာနဲ့ သမာဓိနဲ့ တူတယ်ဗျ (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။ ဒီနေရာ ဒီနေရာဆိုတဲ့ ဥစ္စာက သမာဓိနဲ့ မတူဘူးလား. . . (တူပါတယ်ဘုရား)။ မှန်အောင်ထိုးနိုင်တာက ပညာနဲ့တူတယ် (မှန်ပါ)။

အံမာလေး ဒကာစိန် မျက်စိမမြင်တဲ့လူ ဒိုးထိုးတာ တောင် မမြင်ဖူးဘူးဆိုတော့ အတော်ခက်နေတာ (မှန်ပါ့) မော်လမြိုင်သွားဗျ. . . မျက်စိမမြင်တဲ့လူတွေ ဘောလုံး ကန်နေတယ် (မှန်ပါ) ရိပ်မိပလား. . . (မှန်လှပါ)၊ မြေကြီး နား နားနဲ့ကပ်ကပ်ပြီးတော့ သူတို့က လိုက်တာ (မှန်ပါ့) ဘောလုံးကျတဲ့နေရာကို သူတို့က ကန်တယ်ဆိုကတည်းက တစ်ခါတည်း မြေကြီးနားနဲ့ကပ်ပြီးတော့မှ အဲဒီကျတဲ့နေရာကို လိုက်တာ (မှန်ပါ)။ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။ တယ် လည်း ဗဟုသုတနည်းကြတာကိုး။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ မျက်စိမမြင်တဲ့ လူဒိုးထိုး တော့ကို တစ်ယောက်သောပုဂ္ဂိုလ်က **ဒိုးကိုခေါက်ပြရတယ်။** ခေါက်ပြတဲ့သူနဲ့ ဘာနဲ့တူသတုံး. . . (သမာဓိနဲ့တူပါတယ်)။ မျက်စိမမြင်တဲ့လူက ဒီဒိုးကိုမှန်**အောင်ထိုးနိုင်တာနဲ့** ဘာနဲ့တူ သတုံး **(ပညာနဲ့တူပါတယ်)။**

## သမာဓိကခေါက်ပြသမား

အေး. . . သမာဓိက ခေါက်ပြသမား၊ ပညာက

ဒီနေရာမှန်အောင်ပစ်သမား (မှန်ပါ) ကဲ. . . ဒေါ်အုန်းခင် ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါလောက်ဆိုရင် ကျေနပ်လောက်ပြီထင်တယ် (မှန်ပါ့) သမာဓိနဲ့ ပညာအကြောင်း ကောင်းကောင်းမသိသေးဘူးလား. . . (သိပါပြီဘုရား)။

ကဲ. . . ဒါဖြင့် သမာဓိက ဒီနေရာမှာရှိပါတယ်လို့ ညွှန်ပြ၊ ပညာကဒီနေရာမှာစိုက်. . . (မှန်ပါ)၊ ထိုကဲ့သို့ စိုက်လိုက်သည်ရှိသော် ရှိတာကို အကုန်မြင်ပါလိမ့်မယ် (မှန်ပါ့)၊ မမြင်ပေဘူးလား . . . (မြင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက **"ဘူတံ ဘူတသော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ နိရောဓါယ သမ္မာဒိဋ္ဌိ ဟောတိ"** (မှန်ပါ) ဘူတံ ထင်ရှားရှိတာကလေး - ဒီနေရာမှာရှိတာကလေးကို ဘူတသော - ထင်ရှားရှိသောအားဖြင့်၊ ဒိသွာ - မြင်၍ (မှန်ပါ့) ဒီနေရာကလေးမှာ ဝေဒနာရှိနေတယ်ဆိုရင် ဒါကလေးကို ညြော်. . . ဒီနေရာမှ တစ်ပါး ဘယ်မှမရှိဘူးဆိုပြီး ခင်ဗျားတို့က သိရမယ် (မှန်ပါ့)၊ ဘူတဿ နိဗ္ဗိဒါယ-တဲ့ - အဲဒီရှိတာကလေးကို ခင်ဗျားတို့ ငြီးငွေ့အောင် မလိုချင်အောင် ရှုနိုင်လို့ရှိရင် မဂ္ဂင်ဖြစ်ပါပြီတဲ့ (မှန်ပါ)။

## မလိုချင်တာဟာ သမ္မာဒိဋ္ဌိမဂ္ဂင်

ကိုင်း ဒီနေရာကလေးမှာပေါ်တဲ့ ဝေဒနာကလေးကို ခင်ဗျားတို့က တစ်ခါတည်း ဒီနေရာကလေးမှာ ပျက်နေတဲ့ ဓမ္မကလေးဘဲလို့ ခင်ဗျားတို့က သိရမယ် (မှန်ပါ့) အဲဒါကလေးကို ပျက်နေတာကလေးကို ထပ်ပြန်တလဲလဲကြည့်လိုက်တဲ့အခါ ရွံမုန်းလာပါလိမ့်မယ် (မှန်ပါ့) မလာပေဘူးလား. . . (လာပါတယ်) အဲဒီရွံမုန်းလာလို့ရှိရင်ဖြင့် မလိုချင်တာဆိုတာ လိုက်လာမယ် (မှန်ပါ)၊ အဲဒီမလိုချင်တာလိုက်လာလို့ရှိရင် မလိုချင်တာဟာ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ပြီ. . . (မှန်ပါ)။

အဲဒီတော့ သမာဓိလည်း ပါသွားပြီ ဟုတ်လား (မှန်ပါ) ဝီရိယကော. . . (ပါသွားပါပြီ) အကုန်ပါသွားပြီ (မှန်ပါ)။

အဲဒီတော့ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်တဲ့ဉစ္စာ ဒီနေရာမှာ ရှိတယ်လို့မှ ပြမည့်လူမရှိလို့ရှိရင် သမ္မာဒိဋ္ဌိက အလိုလို မဖြစ်နိုင်ဘူးဗျ (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။ သမ္မာဒိဋ္ဌိဆိုတဲ့ မဂ္ဂင်ရှစ်ပါး ဖြစ်ချင်လို့ရှိရင် သမ္မာဒိဋ္ဌိဆိုတဲ့ အမှန်အကန်ပညာမဂ္ဂင်ဖြစ်ချင်လို့ရှိရင် ဒကာဒကာမတို့ စဉ်းစားလိုက် ဒီနေရာရှိတယ်လို့ ညွှန်ပြတဲ့လူမရှိလို့ရှိရင် သူချည့်သက်သက် မဖြစ်နိုင်ဘူး၊ (မဖြစ်နိုင်ပါဘူး)၊ ရိပ်မိပလား (ရိပ်မိပါပြီ)။

## ညွှန်ပြတာက သမာဓိ

ဒါဖြင့် ညွှန်ပြတာက ဘယ်သူလဲ (သမာဓိပါ) ရှုတာက ဘယ်သူလဲ (ပညာပါ)။ အေး. . . ဒါကြောင့် ဒကာဒကာမတွေကို ဘုန်းကြီးက ပြောထားတယ်၊ စောစော စီးစီးက ညွှန်ပြထားတယ် (မှန်ပါ)။

ဒါကြောင့် မျက်လုံးထဲ ဘာဝေဒနာပေါ်တတ်သလဲ (ဥပေက္ခာဝေဒနာပါ) နား၊ နှာခေါင်း၊ လျှာမှာ. . . (ဥပေက္ခာ ဝေဒနာပါ) ကိုယ်ပေါ်မှာ (သုခဒုက္ခပါ)၊ ဟဒယဝတ္ထုပေါ်မှာ (သုခ ဒုက္ခ ဥပေက္ခာပါ) အဲဒါကလေးသာ ဘုန်းကြီးက ညွှန်ပြ ထားတယ်၊ ဘုန်းကြီးက ရှေးဦးစွာ သမာဓိစခန်းနဲ့ ညွှန်ပြ ထားတယ် (မှန်ပါ)။

အဲဒီလိုညွှန်ပြထားတော့ ဒီလိုသမာဓိစခန်းကလေးနဲ့ ခင်ဗျားတို့က သိလို့ရှိရင် မျက်လုံးထဲပေါ်ရင် ဥပေက္ခာသာ ရှုရမှာဘဲဆိုတဲ့ ဉာဏ်ကလေးမလာပေဘူးလား. . . (လာပါတယ်)။

အဲဒီတော့ ညွှန်ပြတာနဲ့ သမာဓိနဲ့ တူတယ် (မှန်ပါ) ရှုတာနဲ့ (ပညာနဲ့တူပါတယ်)။

## ပုက္ကုသာတိမင်းကြီး

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

ဘယ်သူ့ကို ဟောသလဲလို့ မေးတဲ့အခါကျတော့မှ **ပုက္ကုသာတိ မင်းကြီး**ကျတော့ - ပုက္ကုသာတိမင်းကြီ. . . အသင်သည် ဘားလို့ဆိုရင် ယူဇနာနှစ်ရာကျော်ကနေလာပြီးသကာလ အိုးထိန်းသည် အိမ်မှာလာတည်းနေတယ်။ ခရီးတွေလည်း ပန်းလာပြီ၊ သမာဓိတွေဘာတွေကို အထူးသီးခြားလုပ်မနေနဲ့ တစ်ခါတည်း **သမထနဲ့ ဝိပဿနာကို ခန္ဓာကိုယ်ထဲ တွဲလွှတ် လိုက်စမ်းကွာဆိုပြီး ဘုရားကိုယ်တိုင် ညွှန်ပြတယ်** (မှန်ပါ့)

သမထနဲ့ ဝိပဿနာ **ဝေဒနာပေါ်မှာ တွဲလွှတ်လိုက်** စမ်းဆိုတော့ ဥပမာ ဒေါ်အုန်းခင်ကြီးတို့ မရီတို့လူစု၊ ဒေါ် ရွှေတို့လူစုတွေက ခြေဖဝါးဖြင့် ဝေဒနာပေါ်ပြီဗျာ. . .။ ဒေါ်ရွှေ. . . ကဲ သမာဓိ ပညာတွဲလွှတ်စမ်းဗျာ (ဖြစ်ပါတယ် ဘုရား)၊ မြင်တယ်တဲ့၊ ဒီနေရာပဲမဟုတ်လား. . . (မှန်ပါ) ဒီနေရာပဲဆိုတာ သမာဓိ၊ မြင်တယ်ဆိုတာက. . . (ပညာပါ ဘုရား)။ အဲဒီတော့ ဒီနေရာမှာပဲ ဖြစ်သွားတယ် (မှန်ပါ့)။ ဒီနေရာမှာပဲ. . . (ပျက်သွားပါတယ်)။

အဲဒီတော့ **ဒီနေရာဖြစ် ဒီနေရာပျက်** ခင်ဗျားတို့ ဒီကပြန်တော့ လှမ်းကြည့်စမ်းပါ၊ ခြေဖဝါးပြင်မှာ ပေါ်တဲ့ ယားလုံးကလေးနာလုံးကလေး ခဲနင်းမိတဲ့ကြိတ်လုံးကလေး ဒီနေရာပဲပေါ်ရတယ် (မှန်ပါ့) ဒီနေရာပဲ ပျက်ရမယ် (မှန်ပါ့)။

## ဝေဒနာနောက်က ပညာလိုက်ပေးပါ

အဲဒီတော့ တပည့်တော်တို့ဘုရား ဒီနေရာပေါ်ပြီး ဒီနေရာပျက်တဲ့ ဒုက္ခ ဝေဒနာကလေးက စိတ်ထဲမှာ မချမ်းသာဘူးဆိုတာက ဒါက ခင်ဗျားတို့ဟာက ခက်တယ် (မှန်ပါ့)၊ ပေါ်တာက ဟိုမှာပေါ်လိုက်တော့ကို ပေါ်တာက ခြေဖဝါးပြင်မှာ ဆူးစူးကျောက်ကြိတ်မိတယ်၊ အဲဒီဒုက္ခဝေဒနာ မပေါ်ဘူးလား (ပေါ်ပါတယ်)၊ ဝမ်းထဲက မကျေမနပ်ဖြစ်နေတယ်ဆိုတော့ ခင်ဗျားတို့အတွက်က အတော်ခက်တယ် (ခက်ပါတယ်) ပေါ်တာပေါ်တဲ့နေရာကလေးမှာ ဖြစ်ပြီးပျက်တယ်လို့ ရှုလိုက်လို့ရှိရင် ဝမ်းထဲက မကျေမနပ်လာသေးရဲ့လား. . . (မလာပါဘူး)။

အဲဒီတော့ ခင်ဗျားတို့က အကြောင်းကလေးလိုနေလို့ (မှန်ပါ့)၊ ဝေဒနာနောက်ကနေပြီး ပညာကမလိုက်ဘဲ ဖြစ်နေတယ်။ ဝေဒနာနောက်ကနေပြီး ဝမ်းထဲမှာ ဒေါသလိုက်လာတယ် (မှန်ပါ) ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

**နာတာကခြေဖဝါးပြင်မှာနော်**. . . (မှန်ပါ့) အဲဒီတော့ **ရှုရတာကလည်း** ဝမ်းထဲမှာ ရှုရမှာမဟုတ်လား. . . (မှန်ပါ့)၊ မရှုဘူး ဒကာဒကာမတွေ တစ်ခါတည်း ကျွတ်ထိုးလာတယ်၊ ကျွတ်ကျွတ် - ကျွတ်ကျွတ်နဲ့ (မှန်ပါ့) အဲဒီကျွတ်ကျွတ်၊ ကျွတ်ကျွတ်ထိုးလာလို့ရှိရင် ဝမ်းထဲက ထိုးလာတာ အောက်မေ့ပေတော့ (မှန်ပါ့) အဲဒါဝမ်းထဲက

လာနာပြီ (မှန်ပါ့)။

အဲဒီခြေဖဝါးပြင်တစ်ချက်နာ (မှန်ပါ) ဟဒယဝတ္ထုပေါ်မှာ. . . (တစ်ချက်နာပါတယ်) ခြေဖဝါးပြင်နာတာက ဒုက္ခဝေဒနာ၊ ဟဒယဝတ္ထုပေါ်နာတာက ဒေါမနဿ ဝေဒနာ (မှန်ပါ့)၊ ဟော ဝေဒနာနှစ်ချက်ရတယ် (မှန်ပါ့)။

ခင်ဗျားတို့ ဆူးစူးရင် ဝေဒနာ ဘယ်နှစ်ချက်ရသလဲ . . . (နှစ်ချက်ရပါတယ်) ခြေဖဝါးပြင်မှာတစ်ချက် ဝမ်းထဲမှာ ကော (တစ်ချက်ပါဘုရား)၊ အံမာ ဒီကျောက်ကလေးက ဝမ်းထဲတောင်လိုက်စူးသကိုး (မှန်ပါ့) ဒါခင်ဗျားတို့မှာ ပညတ်က ဝမ်းထဲတောင်ရောက်ပြီး စူးသေးတယ်ဆိုတော့ ကောင်းသေးရဲ့လား (မကောင်းပါဘူး)။

ခြေဖဝါးပြင်မှာတွင် နာဖို့ဥစ္စာ ခင်ဗျားတို့က ဝိပဿနာဉာဏ်သမာဓိပညာတွဲမလွှတ်တာနဲ့မောင်ထွန်းလှိုင်ခရေ ဟိုမှာ မရှုမိဘူး၊ မရှုမိတော့ ဝမ်းထဲမှာ ခင်ဗျားတို့ ဘွတ်ထိုးပြီးသကာလ ဒေါမနဿ ဖြစ်မလာဘူးလား (ဖြစ်လာပါတယ်) ဟာ. . . အတော်ဆိုးသွားပြီ(မှန်ပါ့)။

## ဘုံထုရဉ်ကနှစ်ချက်ခံရတယ်

ဒါဖြင့် - ကျောက်ခဲသည် တစ်ချက် ကြိတ်လား နှစ်ချက်ကြိတ်လား (နှစ်ချက်ကြိတ်ပါဘုရား)၊ ခြေဖဝါးပြင် တစ်ချက်ကြိတ်တယ်၊ ဟဒယဝတ္ထုထဲ တစ်ချက်လာကြိတ်

တယ် (မှန်ပါ့)။ ဒါဖြင့် ခင်ဗျားတို့ ဘယ်နှစ်ချက်နာရသလဲ. . (နှစ်ချက်နာရပါတယ်)။ အတော်ဆိုးပါလား။

ဒါက ပုထုဇဉ်မှာ ဆရာကောင်း၊ သမားကောင်း နည်းနာမရရင် နှစ်ချက်ချည့်နာမယ် (မှန်ပါ) ဒုက္ခဝေဒနာ လာရင် ဘယ်နှစ်ချက်နာဖြစ်မလဲ. . . (နှစ်ချက်နာချည်း ဖြစ်ပါတယ်)။

အရိယာများကတော့ ဒီလိုမဟုတ်ဘူးတဲ့ (မှန်ပါ့) အရိယာကတော့ ဒီလိုမဟုတ်ဘူးတဲ့ ဒကာဒကာမတို့ သေသေချာချာ ပြောနေတယ် မှတ်ပါ၊ အရိယာကတော့ ခြေဖဝါးပြင်မှာ ဒုက္ခဝေဒနာပေါ်တယ်၊ သူလည်းအတူတူပဲ ပေါ်တာပဲ (မှန်ပါ့) ပေါ်လို့ရှိရင်ဖြင့် အဲဒီပေါ်တဲ့ ဝေဒနာ ကလေးကို မင်းလည်းဖြစ်ပျက်ဘဲဆိုပြီး ဟဒယဝတ္ထုပေါ်မှာ တင်ပြီးရှုတယ် (မှန်ပါ့) ဉာဏ်နဲ့ပြန်ရှုလိုက်တယ် (မှန်ပါ) လူကတော့ ဟိုကတစ်ချက်ထိုးရင် ဒီကတစ်ချက်ပြန်ထိုးတယ် (မှန်ပါ) ခင်ဗျားတို့က ဟိုကတစ်ချက် ထိုးတယ်ဆိုရင် ဝမ်းထဲ ရောက်အောင်နှစ်ချက်ခံရတယ် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့်. . . ကျောက်ခဲ၏ ဒဏ်ချက်ကို ပုထုဇဉ် နှစ်ချက်ခံရတယ် (မှန်ပါ့)၊ အရိယာကတော့ ဒီလိုမဟုတ်ဘူး ကျောက်ခဲ၏ဒဏ်ချက်ကို သူကတစ်ချက် ခြေဖဝါးပြင် ထိုးလိုက်သဖြင့် ကိုယ်ကခြေဖဝါးပြင်မှာ ဉာဏ်နဲ့ အနိစ္စနဲ့

တစ်ချက် ပြန်ထိုးတယ် (မှန်ပါ) ဘဲစားဘဲချေကျတယ် (မှန်ပါ့) အဲဒီလိုကွာတယ် (မှန်ပါ့) သံယုတ်ပါဠိတော်မှာဟောတယ် (မှန်ပါ့)။ ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်လိုလုပ်ကြမလဲဆိုတာ ရိပ်မိကြပြီ (ရိပ်မိပါပြီ) ဘယ်လိုလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုပစ်ရပါတယ်) ဖြစ်ပျက်ရှုတော့ ကိုယ်ကတစ်ချက်ပြန်ထိုးရတယ် (မှန်ပါ့)။

ခြေဖဝါးပြင်မှာ ကျောက်ခဲကထိုးလိုက်တော့ ဝေဒနာ မပေါ်ဘူးလား. . . (ပေါ်ပါတယ်) အဲဒီပေါ်တဲ့ ဝေဒနာ ကလေးဟာ ဝမ်းထဲထိုးတော့မလို့ သူလာပြီး (မှန်ပါ) ကဲ. . . မင်းမလာရဘူးကွ၊ မလာရဘူးဆိုပြီး ဝမ်းထဲကနေပြီး ဆရာဘုန်းကြီးက သမာဓိနဲ့ ပညာနဲ့ တွဲလွှတ်လိုက်၊ အဲဒါကလေးဟာ ဖြစ်ပျက်လို့ မြန်မြန်ရှုလိုက်လို့ဆိုတော့ ခင်ဗျားတို့ ဝမ်းထဲမှာ သူလာနိုင်သေးရဲ့လား (မလာနိုင်ပါဘူး)။

အဲ. . . အဲဒီလိုရှုနိုင်တဲ့ ပုဂ္ဂိုလ်ကျလာတော့ ဒကာဒကာမတို့ အရိယာဖြစ်တယ် (မှန်ပါ့)၊ ပုထုဇဉ်က နှစ်ချက်ခံရတယ်နော် (မှန်ပါ့) ခြေဖဝါးပြင်မှာတစ်ချက် ဟဒယဝတ္ထုထဲမှာ. . . (တစ်ချက်ပါဘုရား)။ နှစ်ချက်အထိုးခံရတယ် (မှန်ပါ့)။ အရိယာကတော့ သူက ဝေဒနာက ကျောက်ခဲနဲ့ ခြေဖဝါးပြင်တစ်ချက်နာအောင်လုပ်လိုက်တယ်။ သူကနေ ဘစ်ချက်မနောပေါက်ကနေပြီး သူနာတဲ့ နေရာပြန်ပြီးသကား

လ ထိုးပစ်လိုက်တယ် (မှန်ပ့ါ)၊ သူက တစ်ချက်ဆို ငါက တစ်ချက်ပဲ. . . (မှန်ပါ) ဒီလိုဆိုတော့ ဟိုက ဆက်ပြီး လာသေးရဲ့လား. . . (မလာပါဘူး)။

ဒါဖြင့် အရိယာနဲ့ ပုထုဇဉ် ဘာကွာတယ်ဆိုတာ ပေါ်လာကြပြီ (ပေါ်လာပါပြီဘုရား) ပုထုဇဉ်က နှစ်ချက် ခံရတယ်။ ခြေဖဝါးပြင်မှာတစ်ချက်၊ ဝမ်းထဲမှာ (တစ်ချက်ပါ ဘုရား)။ နှစ်ချက်ခံရတော့ မနာဘူးလား. . . (နာပါတယ်)။

အရိယာကတော့ ဘယ်လိုလုပ်သတုံး (တစ်ချက်ပဲ ခံရပါတယ်) တစ်ချက်ပဲ သူကတစ်ချက်ဆိုရင် ကိုယ်က တစ်ချက် ပြန်ထိုးတယ် (မှန်ပါ)။ သဘောကျပလား(ကျပါပြီ)။

## အရိယာတွေမှာ အပြုံးမပျက်ဘူး

သူက ဒုက္ခဝေဒနာတစ်ချက် ခြေဖဝါးပြင်မှာ ဒုက္ခ ဝေဒနာပေါ်လိုက်တယ်၊ တစ်ခါတည်း ဉာဏ်ကနေပြီး သကာလ ခြေဖဝါးပြင်မှာ ဒုက္ခဝေဒနာလေးဟာ ဖြစ်ပျက် ပဲကွာလို့ တစ်ခါတည်းရှုနေတယ် (မှန်ပ့ါ)။

ဒါကြောင့် အရိယာများကျပြန်တော့ ဘယ်လို ဝေဒနာလာလာ သူတို့မှာ အပြုံးမပျက်ပါဘူး (မှန်ပ့ါ) ရှင်းပလား. . . (ရှင်းပါပြီ) **အရိယာတွေမှာ ဘယ်လို ဝေဒနာ လာလာ အပြုံးမပျက်ဘူးဆိုတဲ့ ဥစ္စာ ကိုယ်ကပြန်ထိုးနိုင်တယ်** (မှန်ပ့ါ)။

ခင်ဗျားတို့ကတော့ မျက်စိနာတယ်ဆိုရင် ကိုယ်ပါ ဖျားချင်လာရော. . . အနာရှိန်ထင်ပါရဲ့ တောင်ပြောလိုက်သေးတယ် (မှန်ပါ့) ခက်လိုက်တဲ့ဖြစ်ခြင်းမှ ဒကာဒကာမတွေကလည်း ဆိုးလိုက်တာ (မှန်ပါ့)၊ အနာတစ်လုံးပေါက်တာရှိသေးတယ် လူပါဖျားချင်လာတယ် (မှန်ပါ့) ဘာဖြစ်တာတုံး . . . (နှစ်ချက်တိုက်လာပါ)။

အဲ. . . ဝမ်းထဲမှာလည်း တစ်ချက်တိုက်ပြန်တယ် (မှန်ပါ)၊ ပြင်ဘက်ကလည်း မျက်လုံးမှာလည်း ဟုတ်လားနေပူဓါတ်ကြောင့် အနာတစ်ချက်ပေါ်တယ်၊ အဲဒီအနာကနေပြီး ဆက်ပြီး ဒီနေပူကနေတိုက်လိုက်တာ ဟဒယဝတ္ထုပေါ်လည်း တစ်ချက်ပေါ်လာတော့ မျက်စိကျိန်းနေတာနဲ့ ကျုပ်ဖြင့် နေတောင်မကောင်းဘူး ဖြစ်လာတယ် (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီ)။

တယ်ဖျင်းပါလား ဒေါ်အုန်းခင်ကြီးတို့ လူစုတွေက (မှန်ပါ) အရိယာစိတ်အခုထားနိုင်ကြပါ့မလား. . . (ထားနိုင်ပါတယ်) ပေါ်တဲ့နေရာ ဘာလုပ်ရမလဲ. . . (ဖြစ်ပျက်ရှုရပါမယ်) ပေါ်တဲ့နေရာ ဉာဏ်ကနေပြီး တစ်ချက်ပြန်ထိုး. . . ဟဒယဝတ္ထုပေါ် ဉာဏ်ထားအဲဒီကနေပြီး သူ့ပြန်ထိုး ဝေဒနာကို. . . (မှန်ပါ) သူကတစ်ချက်ဆိုကိုယ်ကတစ်ချက်လုပ် (မှန်ပါ) ရှင်းပလား. . (ရှင်းပါပြီ)။

အဲဒီလိုဆိုရင်ဖြင့် ခင်ဗျားတို့ ခုနင်ကပြောတဲ့ ကိုယ်

သာနာ၍ စိတ်မနာဘူးဆိုတာပေါ်လာတယ် (ပေါ်လာပါတယ်) ရိပ်မိပလား. . . (ရိပ်မိပါပြီ) ကိုယ်သာနာတယ် မဟုတ်လား (မှန်ပါ) စိတ်ကနာသေးရဲ့လား. . . (မနာပါဘူး)။

ခင်ဗျားတို့တော့ ကိုယ်နာပြီဆိုမှဖြင့် စိတ်ကလည်း မခံချင်ဘူးတဲ့။ ကိုယ်နာရင် ကျုပ်က စိတ်ခံချင်တာ မဟုတ်ဘူးဆိုတော့. . . ကိုယ်နာရင် စိတ်နာကုန်ပြီ (မှန်ပါ) ခင်ဗျားတို့က လွန်လွန်းတယ်. . . ဟုတ်လား (မှန်ပါ)။

## ကိုယ်နာသော်လည်း စိတ်မနာဘူး

အရိယာကတော့ ကိုယ်နာသော်လည်း စိတ်မနာဘူး၊ ဘာနာမလဲ ဒေါ်အုန်းခင်ရဲ့ ဉာဏ်နဲ့ပြန်ရှုလိုက်တယ် (မှန်ပါ)။

ခင်ဗျားတို့ကတော့ ကိုယ်နာရင် ဘာတုံး. . . (စိတ်နာပါတယ်) ခင်ဗျားတို့ကတော့ နှစ်ချက်မိကိုးဗျ (မှန်ပါ) ကိုယ်လည်း ဒဏ်ရာတစ်ချက်ရလိုက်သေးတယ် (မှန်ပါ) စိတ်မှာကော (တစ်ချက်ရပါတယ်) အဲဒါ ပုထုဇဉ်ခေါ်တယ် (မှန်ပါ)။

အရိယာကတော့ ကိုယ်သာနာတယ် စိတ်မနာဘူးတဲ့ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာပေါ်တယ်ဆိုတော့ မနောကနေပြီး သကာလ ဖြစ်ပျက်ရှုချလိုက်တဲ့အတွက် ဖြစ်ပျက်ကဉာဏ်

ဖြစ်နေတော့ နာတဲ့စိတ် ဟုတ်သေးရဲ့လား. . . (မဟုတ်ပါဘူး)။

ဒါဖြင့် ခင်ဗျားတို့နဲ့ အရိယာနဲ့ကွာတော့ အရိယာဖြစ်အောင် လုပ်ချင်လို့ရှိရင် တစ်ချက်သာ နာပေစေ ဖြစ်ပျက်ရှု. . . (မှန်ပါ) တစ်ချက်ကတော့ ဘုရားလည်း တားလို့မရဘူး၊ ဘုရားလည်းခြေမမှာသွေးစိမ်းတည်တယ်ဆိုရင် ဒုက္ခဝေဒနာ ပေါ်တာပဲ (မှန်ပါ) ဘယ်သူမှ တားလို့မရဘူး၊ တစ်ချက်ကတော့ သို့သော် နှစ်ချက်မလိုက်လို့ရှိရင် အရိယာ. . . (မှန်ပါ)။ ဒေါ်ခန့်, ရိပ်မိပလား. . . (ရိပ်မိပါပြီ)။

နှစ်ချက်လိုက်ရင် ဘာတုံးဗျ. . . (ပုထုဇဉ်ပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ ဒီနေ့ကစပြီး ဘယ်ဝေဒနာပေါ်လာလာ တစ်ချက်သာ အတိုက်ခံပြီး ဒီကဖြစ်ပျက်လိုက်လိုက်ပေး (မှန်ပါ) ဖြစ်ပျက်လိုက်လိုက်ပေးလို့ရှိရင်ဖြင့် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သမာဓိပညာက (မဂ္ဂသစ္စာပါ)။

ဪ. . . ဒါ့ကြောင့် သမာဓိပညာဆိုတာ သမာဓိ ဝီရိယ သတိတို့ဟာ သမာဓိမဂ္ဂင်လို့ မပြောခဲ့ဘူးလား. . . (ပြောခဲ့ပါတယ်)။

အဲဒါကြောင့် သမာဓိပညာတို့က မဂ္ဂသစ္စာ (မှန်ပါ) သမာဓိပညာလာကတည်းက ဟိုက နောက်တစ်ချက်လာ

နိုင်သေးရဲ့လား. . . (မလာနိုင်ပါဘူး) မလာနိုင်တော့ အရင်လာနေကျ လောဘ ဒေါသလာသေးရဲ့လား. . . (မလာပါဘူး)

အဲဒါတွေချုပ်သွားတာက သမုဒယသစ္စာ (မှန်ပါ) ဒါတွေချုပ်သွားလို့ရှိရင်ဖြင့် ဥပါဒါန်ဘဝ ဇာတိ ဇရာမရဏ မလာတာက (နိရောဓသစ္စာပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

## အရိယာနှင့် ပုထုဇဉ်ဘာထူးသလဲ

ဒါဖြင့် ယနေ့ညတရားမှာ ခင်ဗျားတို့ အရိယာနဲ့ ပုထုဇဉ်ထူးပလား. . . (ထူးပါပြီ) အရိယာကတော့ ဒုက္ခဝေဒနာ ကိုယ်ပေါ်ပေါ်လို့ရှိရင် ပြန်ရှုတယ် (မှန်ပါ) ပုထုဇဉ်ကတော့ ဒုက္ခဝေဒနာကိုယ်ပေါ်ပေါ်ရင် (စိတ်ထဲကလည်းနာပါတယ်) ကိုယ်လည်းနာ စိတ်လည်းနာ (မှန်ပါ) အရိယာကတော့ ကိုယ်သာနာ၍ (စိတ်မနာပါဘူး)၊ ပုထုဇဉ်ကတော့ (ကိုယ်ရောစိတ်ရော နာပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ယောဂီသမားတွေကျတော့ ဒီလိုမလုပ်နဲ့၊ ကိုယ်သာနာ၍ စိတ်မနာစေနဲ့. . . ဖြစ်ပျက်ရှု (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ)။

**ကဲ ယနေ့ဒီတွင်တော်ကြစို့**

**သာဓု . . . သာဓု. . . သာဓု။**